# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ သောကြာနေ့။ Friday, 7 February 2025 ၁၁၇၂၆


## လူအပေါင်းချစ်မြတ်နိုး

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီး

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား-**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအများဆုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်းဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်း ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနု၊ အင်းသား၊ တောင်ရိုး၊ ဝ၊ ထနော့၊ ကိုးကန့်၊ လားဟူ၊ ယင်းနက်၊ ယင်းကြား၊ မြောင်ဇီး၊ အာခါ စသည့် ရှမ်းမျိုးနွယ်စုများနှင့်အတူ ကချင်၊ ကယား၊ လီဆူး စသည့် တိုင်းရင်းသားများသည် ကာလရှည်ကြာ အတူယှဉ်တွဲစုပေါင်းနေထိုင် ခဲ့ကြခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှုကို ဖော်ပြခဲ့သည့် အစဉ်အလာကောင်းပင်ဖြစ်ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။

## မကြာမီပြီးစီးတော့မည့် ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)တံတား

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြစ်ကိုဖြတ်ကျော်၍တည်ဆောက်လျက်ရှိသည့် ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)တံတားသည် မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ


**၂၀၁၂ ခုနှစ်မှ ယနေ့အထိ အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့**

စာမျက်နှာ » ၅

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်နှင့် ပန်းချီအရောင်းပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ခင်းကျင်းပြသမည်**

စာမျက်နှာ » ၁၀

**ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၃)**

ဆောင်းပါး စာမျက်နှာ » ၁၂





ကြေးမုံ

# အွန်လိုင်းလိမ်လည်မှုနှင့်လောင်းကစားမှု ထိထိရောက်ရောက်အရေးယူနှိမ်နင်း

မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် အချို့သောနယ်စပ်ဒေသများ၌ ဖြစ်ပေါ်နေသော အခြေအနေများကို အခွင့်ကောင်းယူပြီး ပြည်ပနိုင်ငံသားအချို့သည် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာဖွေနေသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကို ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိသဖြင့် စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်နေကြသူများသည် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် အကန့်အသတ်ရှိသည့် ဒေသများကို ပစ်မှတ်ထား၍ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အပါအဝင် လက်နက်ကိုင်အဖွဲ့များ၊ ကိုယ်ကျိုးစီးပွားရှာသူများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်မှုများကို ပြတ်ပြတ်သားသားဆောင်ရွက်နေသည်။

တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)ကို အကြောင်းပြု၍ နိုင်ငံတော်တွင် အခက်အခဲများ၊ အနှောင့်အယှက်များ ကြုံတွေ့ရသကဲ့သို့ အပြစ်မဲ့ပြည်သူများသားကောင်ဘဝသို့ ရောက်ကြရသည်။ အဆိုပါပြည်တွင်း၊ ပြည်ပမှ ပြည်သူများအား ကူညီကယ်ဆယ်ဖြေရှင်းပေးနိုင်ရန် ထိထိရောက်ရောက်အရေးယူမှုများ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာတွင်လည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ အထူးအာရုံစိုက်မှုရှိနေသောကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတကာနှင့်ပူးပေါင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်တက်ကြွကြွ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည်။ အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုများနှင့်ပတ်သက်၍ အဓိကကျပြီး ထင်ရှားနာမည်ကြီးနေသည့် နယ်စပ်ဒေသများတွင် နှိမ်နင်းလျက်ရှိသော်လည်း ပြည်တွင်း၌ အဆိုပါအမှု အကြီးအငယ်များရှိနေသည်ကိုလည်း သတိပြုရဦးမည်ဖြစ်သည်။

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် အများပြည်သူအသုံးပြုသည့် အင်တာနက်လူမှုကွန်ရက်များကိုအသုံးပြု၍ အများပြည်သူစိတ်ဝင်စားသည့် အကြောင်းကိစ္စများ၊ လုပ်ငန်းများ၊ အလုပ်အကိုင်များ၊ ထုတ်ကုန်ပစ္စည်းများ၊ ဖျော်ဖြေရေးအစီအစဉ်များကို အကြောင်းပြု၍ ပြည်သူများ၏ငွေကြေးများကို လိမ်လည်လှည့်ဖြားခြင်း၊ လှည့်ပတ်ရယူခြင်းတို့ ပြုလုပ်နေကြသဖြင့် ပြည်သူများမှာ အွန်လိုင်းပေါ်တွင် ငွေကြေးလိမ်လည်ခံကြရပြီး အခက်အခဲဒုက္ခများ၊ စိတ်သောကများ ရောက်ကြရသည်ဟု မကြာခဏကြားသိနေရသည်။ အွန်လိုင်းပေါ်တွင် နေရပ်လိပ်စာအတု၊ လုပ်ငန်းအတုများဖြင့် ပြည်သူများအား မက်လုံးပေးပြီး လိမ်လည်လှည့်ဖြားနေသည်မှာကြာပြီဖြစ်သည်။ အွန်လိုင်းပေါ်တွင်ဖြစ်သဖြင့် စိစစ်ဖော်ထုတ်ရန်အခက်အခဲရှိသည်ကိုအကြောင်းပြု၍ လိမ်လည်မှုဒုစရိုက်လုပ်ငန်းများမှာ ကျယ်ပြန့်လာသည့်သဘောရှိသည်။

ထို့ပြင် မူးယစ်ဆေးဝါးအမှုများ၊ အခြားဒုစရိုက်မှုများ၊ ညစ်ညမ်းဖျော်ဖြေတင်ဆက်မှုများကိုလည်း အွန်လိုင်းပေါ်တွင် မကြာခဏတွေ့မြင်နေရသည်။ အွန်လိုင်းပေါ်တွင်ဖြစ်၍ အဆိုပါဒုစရိုက်မှုများမှာ လွတ်ကင်းနေသလိုဖြစ်နေသည်။ ထို့ကြောင့် "တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ သက်ဆိုင်ရာနယ်မြေဒေသများအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ၊ အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေးနှင့် မဖြစ်ပေါ်စေရေး ဖော်ထုတ်အရေးယူခြင်းများဖြင့် တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်သွားကြရန် မဖြစ်မနေလိုအပ်ကြောင်း၊ ၎င်းအမှုများအပြင် မူးယစ်ဆေးဝါးကိစ္စများနှင့် အခြားဒုစရိုက်မှုများ၌ ပါဝင်ဆောင်ရွက်နေသူများအပြင် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူများ ပတ်သက်နေမှုများရှိပါက အားလုံးကိုထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း" ဖေဖော်ဝါရီလ ၃ ရက်နေ့က ပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတိပေးပြောကြားထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို တစ်ဖက်တွင်လည်း နိုင်ငံတော်နှင့်အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် ပြုလုပ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ နယ်စပ်ဒေသများတွင်သာမက ပြည်တွင်း၌ပါ ဖြစ်ပေါ်နေသည့်အခြေအနေများကို ပြည်သူများ၏ ပူးပေါင်းပါဝင်သတင်းပေးမှုများနှင့် သက်ဆိုင်ရာတာဝန်ရှိသည့် အဖွဲ့အစည်းများက အဂတိကင်းရှင်းစွာဖြင့် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ပြင်းပြင်းထန်ထန် တိုက်ဖျက်နှိမ်နင်းသွားကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၇၀၀ | ၁,၇၄၁ | ၁၃,၂၈၇,၄၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၀၀ | ၁၁၈ | ၃၅၇,၆၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၁ | ၁၉,၈၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၀ | ၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၁,၂၆၆ | ၂,၀၄၂,၆၅၀ |
| AMATA | ၃,၈၀၀ | ၃,၈၅၀ | ၅၉၀ | ၂,၂၄၆,၅၀၀ |
| MAEX | ၃,၂၀၀ | ၃,၁၅၀ | ၁,၆၄၀ | ၅,၀၈၅,၂၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၁၁၇ | ၃၅၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရှေ့ဖုံးမှ**

သမိုင်းကြောင်းဖြစ်တည်မှုအရ မြန်မာနိုင်ငံ၏ ကျောက်ခေတ်နှောင်းကာလနှင့် မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့်ကာလ ယဉ်ကျေးမှုအထောက်အထားများကို ရှမ်းပြည်နယ်တွင် တွေ့ရှိရမည်ဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ဘာသာစကား အမွေအနှစ်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အမွေအနှစ်နှင့် သုခုမအနုပညာ အမွေအနှစ်တို့သည် ပြည်ထောင်စုတစ်ဝန်းလုံး၏ ယဉ်ကျေးမှုအနုပညာကဏ္ဍတွင် တစ်ဆက်တစ်စပ်တည်း ရောနှောပါဝင်လျက်ရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြခြင်း၏ ဂုဏ်ယူမှတ်သားဖွယ်ရာ ပြယုဂ်တစ်ခုလည်းဖြစ်ပါသည်။

နယ်ချဲ့ဗြိတိသျှတို့၏ (၃)ကြိမ်တိုင်တိုင် စစ်ပြုကျူးကျော်ခြင်းကို ခံရစဉ်ကလည်း ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ရှုပ်ရှုပ်ချွံချွံ ပူးပေါင်းတွန်းလှန်ခဲ့ကြပါသည်။ နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ဥမကွဲသိုက်မပျက်၊ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် လက်တွဲခဲ့ကြသည့် အစဉ်အလာသည် ရှမ်းပြည်နယ်နှင့် ရှမ်းတိုင်းရင်းသားတို့အတွက် လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့ နယ်ချဲ့သိမ်းပိုက်ပြီးသည်မှစ၍ ယခင်က မခွဲမခြား၊ မကွဲမပြား နေထိုင်ခဲ့ကြသည့် တောင်တန်းဒေသနှင့် မြေပြန့်ဒေသကို နယ်ချဲ့တို့က နည်းပရိယာယ်မျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ နယ်ချဲ့တို့အနေဖြင့် မြန်မာနိုင်ငံအား မတတ်သာ၍ လွတ်လပ်ရေးပေးခဲ့ရလျှင်ပင် တောင်တန်းဒေသများကို ချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ရန်ကြိုးပမ်းခဲ့ကြပါသည်။ ယင်းကြိုးပမ်းမှုကို ချေဖျက်နိုင်ရန်အတွက် ရှမ်းပြည်ပဒေသရာဇ်ကောင်စီဝင် စော်ဘွားများနှင့် ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ လူထုကိုယ်စားလှယ်များက ရှမ်းပြည်နယ်၊ ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် လူထုကိုယ်စားလှယ် ခုနစ်ဦး၊ စော်ဘွားများကိုယ်စားလှယ် ခုနစ်ဦး စုစုပေါင်း (၁၄) ဦး ပါဝင်သော ရှမ်းပြည်ကောင်စီ အမှုဆောင်အဖွဲ့ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ယခင်က နယ်ချဲ့တို့အလိုကျ လိုက်ပါဆောင်ရွက်ပေးခဲ့ရသော ရှမ်းပြည်ပဒေသရာဇ်ကောင်စီကို ဖျက်သိမ်းပေးရန် ဘုရင်ခံထံ ကြေးနန်းပေးပို့အရေးဆိုခဲ့ကြပါသည်။ ရှမ်းပြည်ကောင်စီ အမှုဆောင်အဖွဲ့အနေဖြင့် ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဤသို့ မိမိတို့ပြည်နယ်၊ နိုင်ငံအနာဂတ်အရေးအတွက် သဘောတူညီညွတ်မှုရရှိပြီး အရေးဆိုခဲ့ကြသည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းအမျိုးသားနေ့ဟူ၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညီလာခံအစည်းအဝေးတွင် သတ်မှတ်ခဲ့ကြပါသည်။ ရှမ်းပြည်နယ်ရှိ ပဒေသရာဇ်စော်ဘွားများနှင့် လူထုခေါင်းဆောင်များ၏ ညီညွတ်မှုကို အရင်းခံသောဆုံးဖြတ်ချက်သည် သမိုင်းဝင်ပင်လုံစာချုပ်ကြီးနှင့် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာရေးအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်သည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၇၈)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးခရီးကို အထောက်အပံ့ကောင်းဖြင့် ဖြောင့်တန်းစေခဲ့သောကြောင့် တိုင်းရင်းသားများအတွက် ထူးခြားလေးနက်သော နေ့ထူးနေ့မြတ်လည်းဖြစ်ပါသည်။

ရှမ်းပြည်နယ်နေ့ ပေါ်ပေါက်လာရခြင်းသည် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကို တွန်းလှန်နိုင်ခဲ့ကြသည့် သမိုင်းဖြစ်ရပ်ကြီးနှင့် တစ်ဆက်တစ်စပ်တည်းပင်ဖြစ်ပါသည်။ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုအတွက် အရေးကြီးသော ဆောင်ရွက်မှုကြီးဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ပြနိုင်ခဲ့သည့် **"ပြည်ထောင်စုနေ့"** သမိုင်းဖြစ်ရပ်ကြီး၏ ခိုင်မာမြဲမြံသော ပန္နက်လည်းဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် ကြီးမားသော မောင်းနှင်အားတစ်ရပ်ဖြစ်သည့်အတွက်လည်း တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများရှိသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်ပါသည်။ မိမိတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးတို့ကို များစွာတောင့်တလျက်ရှိကြသော ပြည်သူအားလုံး၏ဆန္ဒကို ထည့်သွင်းစဉ်းစားကြရန် အသိပေးလိုပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိပါသည်။ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် ပါရှိသည့် **"နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ် တည်ငြိမ်မှုဖြစ်စေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဘက်မှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိအဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို စိတ်ရင်းစေတနာမွန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးကို ရေးရှုတွေးမြင်လုပ်ဆောင်ကြရန်လိုအပ်ပါသည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့သည့်အတွက် တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခရောက်ကြရသကဲ့သို့ နိုင်ငံတိုးတက်ရေးအတွက် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များ အဓိပ္ပာယ်မဲ့ ပြုန်းတီးနေရသည်မှာလည်း နိုင်ငံအင်အား လျော့နည်းလာခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရာတွင် လေးလေးနက်နက်နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်ကြပါရန် ထပ်မံတိုက်တွန်းလိုပါသည်။

☆ **မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခသည် ခက်ခဲကြမ်းတမ်းသော စိန်ခေါ်မှုတစ်ရပ်ဖြစ်**

☆ **မိမိတို့အနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဖော်ဆောင်လိုသည့် ရည်ရွယ်ချက်သာရှိ**

☆ **တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးခြင်းနည်းများဖြင့်သာ ဖြေရှင်းကြရမည်**

☆ **တွေ့ဆုံဆွေးနွေးခြင်းနည်းများကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး ပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာနိုင်မည်**

မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခသည် ခက်ခဲကြမ်းတမ်းသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဖော်ဆောင်လိုသည့် ရည်ရွယ်ချက်သာရှိပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးလိုလားသည့် နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးခြင်းနည်းများဖြင့်သာ ဖြေရှင်းကြရမည်ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးခြင်းနည်းများကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး ပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

တိုင်းပြည်တစ်ပြည် ကောင်းစွာ ရှင်သန်ရပ်တည်နေနိုင်ရန် မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို မြှင့်တင်နေကြရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ရပ်တည်ရှင်သန်ရေးကို ကိုယ်စွမ်းကိုယ်စနှင့် မထိန်းသိမ်းနိုင်လျှင် နိုင်ငံ၏ အချုပ်အခြာအာဏာ အားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝသို့ ကျရောက်နိုင်သည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါသည်။ လွတ်လပ်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံ မဖြစ်စေရန် မိမိတို့အားလုံး စည်းလုံးညီညွတ်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် ဘေးအန္တရာယ်ကျရောက်နိုင်သည့် ယခုအချိန်ကာလတွင် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့် ပြည်သူတို့ ခိုင်မြဲစွာလက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိအပြည့်အဝဖြင့် နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မိမိတို့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များဖြင့် မျိုးချစ်စိတ်များကိုအခြေခံပြီး စည်းလုံးညီညွတ်စွာဖြင့် တရားမျှတပြီး လွတ်လပ်သောရွေးကောက်ပွဲကြီး အောင်မြင်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားတိုင်းရင်းသားပြည်သူများအနေဖြင့် ငြိမ်းချမ်းသာယာ အေးချမ်းပျော်ရွှင်စွာဖြင့် အသက်မွေးလိုသောဆန္ဒရှိကြပါသည်။ ယင်းဆန္ဒပြည့်ဝရန်အတွက် အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးတို့ ပြည့်စုံရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားအားလုံး အကျိုးဝင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ယခုထက်ပိုမိုထွန်းကားလာရန် လိုအပ်သဖြင့် MSME လုပ်ငန်းများ အောင်မြင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် အခြေခံကောင်း၊ အစဉ်အလာကောင်းများရှိခဲ့သည့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများအနေဖြင့် ပိုမိုကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာ ထူးချွန်ရန်လိုအပ်သကဲ့သို့ ဖြောင့်မတ်မှန်ကန်စွာ တွေးခေါ်ဆင်ခြင် ဆုံးဖြတ်နိုင်စွမ်းမြင့်မားရန်လည်း လိုအပ်ပါသည်။ နိုင်ငံတော်အနေဖြင့် ထူးချွန်ထက်မြက်ပြီး ပြည်ထောင်စုအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဘက်စုံပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်ဒေသ၊ နယ်စပ်ဒေသများပါမကျန် ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိအောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းလိုပါသည်။

ဗလငါးတန်ပြည့်စုံသောလူငယ်များ ပေါ်ထွန်းလာရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသကဲ့သို့ ကျန်းမာကြံ့ခိုင်ရေးသည်လည်း ထပ်တူထပ်မျှ အရေးကြီးသည့်အတွက် ကျန်းမာကြံ့ခိုင်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေး နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် လူငယ်များအတွင်း ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားစိတ်ဓာတ် ဖွံ့ဖြိုးလာစေရေးအတွက် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာသော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အုတ်မြစ်ချပေးနိုင်ခဲ့သည့် **"ရှမ်းပြည်နယ်နေ့"** အခါသမယတွင် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ၁၉၄၇ ခုနှစ်က သန္ဓေတည်ဖြစ်ပွားခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံ၍ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အခမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

# နိုင်ငံတော်၏ စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ထားရှိဆောင်ရွက်ရမည်





**နေပြည်တော် ဖေဖော်ဝါရီ ၆**

စက်မှုဖွံ့ဖြိုးရေး ကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် စက်မှုဖွံ့ဖြိုးရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန် ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ပေးခဲ့သည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန် ၁၆ ချက်အပေါ် ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ ကော်မရှင်၏ လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ အချိန်ဇယားရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ အဓိကစွမ်းဆောင်နိုင်မှုတိုင်းတာခြင်း၊ ညွှန်ကိန်းများ သတ်မှတ်ခြင်းနှင့် သတ်မှတ်ထားသည့် ညွှန်ကိန်းများအတိုင်း သုံးသပ် အကဲဖြတ်ခြင်းတို့ကို ကော်မရှင်အဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဦးဆောင်စီမံ၍ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့်ကိစ္စရပ်များ၊ ပြည်တွင်း၌ အသုံးများသည့်ကုန်ပစ္စည်းများ၊ ဒေသအလိုက် အောင်မြင်ပြီးဖြစ်သည့် ထုတ်ကုန်များကို ပြည်တွင်းတွင် စီးပွားရေးတွက်ခြေကိုက်အောင် ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များကို ပံ့ပိုးကူညီတွန်းအားပေး ဆောင်ရွက်ကြရမည့် ကိစ္စရပ်များ၊ သွင်းကုန်အစားထိုး စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သွင်းအားစုများဖြစ်သည့် ကုန်ကြမ်း၊ စွမ်းအင်၊ ငွေကြေး၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ စသည့်တို့ကို အချိန်မီ လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးမြှင့်ရေး၊ ပြည်တွင်း သုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေး၊ အရည်အသွေးမြင့်၊ တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေး၊ နိုင်ငံတော်၏ စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စသည့် ရည်မှန်းချက်များထားရှိဆောင်ရွက်ရမည်ဖြစ်သဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ကော်မရှင်ဥက္ကဋ္ဌက ဦးဆောင်ဆွေးနွေးခဲ့ပြီး ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆက်လက်၍ စက်မှုဖွံ့ဖြိုးရေးကော်မရှင် အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ကော်မရှင်၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ စိုက်ပျိုးရေးအခြေပြု စက်မှုလုပ်ငန်းများဖော်ဆောင်နိုင်မည့် စက်ရုံများအခြေအနေကိုလည်းကောင်း၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၏ အခြေအနေကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ကော်မရှင်၏ လုပ်ငန်းတာဝန်များအပေါ် ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးအတည်ပြု**

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ တက်ရောက်လာသည့် ကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်၏ လုပ်ငန်းတာဝန်များအပေါ် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ခြင်း၊ အဓိကဆောင်ရွက်ရမည့် ညွှန်ကိန်းများ သတ်မှတ်ရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ ဦးတည်ရမည့် ရည်မှန်းချက်များ၊ ချမှတ်အကောင်အထည် ဖော်ရမည့် မဟာဗျူဟာများကို ကော်မရှင်အဖွဲ့ဝင်များအကြား ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ မကြာမီမှ

အဆိုပါတံတားကြီးသည် ဒလမြို့ပြဖွံ့ဖြိုးရေးအတွက် အရေးပါသည်သာမက ဆက်စပ်မြို့နယ်များဖြစ်သည့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ပါ အနီးဆုံးသွားလာနိုင်မည်ဖြစ်ပြီး ဒလမြို့နယ်သူ မြို့နယ်သားများ၏ စိတ်ကူးယဉ်ခဲ့ရသည့် အိပ်မက်တံတားကြီးလည်း ဖြစ်သည်။

တံတားကြီး၏ စုစုပေါင်းအရှည်မှာ ၁၈၆၇ မီတာ၊အကျယ် ၂၆ ဒသမ ၅ မီတာ၊တံတားခံနိုင်ဝန် ၇၅ တန်ရှိပြီး လေးလမ်းသွား သံမဏိကြိုးဆိုင်းတံတားဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် တံတားပန္နက်တင်မင်္ဂလာအခမ်းအနားပြုလုပ်ကာ တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့သည်။

ကိုရီးယား- မြန်မာချစ်ကြည်ရေး(ဒလ)တံတားအား ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုရန်ပုံငွေ ( EDCFI Loan) ချေးငွေ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်း၊ ပြည်တွင်းရန်ပုံငွေအမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄၁ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၇၄ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်နေပြည်သူများ လိုလားတောင့်တခဲ့ပြီး အိပ်မက်တံတားဟုတင်စားခဲ့သည့် ကိုရီးယား- မြန်မာချစ်ကြည်ရေး(ဒလ)တံတားကြီးကို အကောင်အထည်ဖော် တည်ဆောက်ရေးလုပ်ငန်းများမှာ ပြီးစီးလုအခြေအနေသို့ ရောက်ရှိတွေ့မြင်နေရသည့်အတွက် ဒလမြို့နယ်နေပြည်သူများ များစွာဝမ်းသာလျက်ရှိကြောင်းလည်း သိရသည်။

"တံတားကြီးက ဇူလိုင်လလောက် ပြီးမယ်ကြားတယ်။ တံတားကြီးပြီးသွားရင် ကျွန်တော်တို့မြို့သာမက ဆက်စပ်မြို့တွေပါ အဆင်ပြေသွားမှာပါ။ ကျွန်တော်တို့မြို့အတွက် ဂုဏ်ယူစရာပြယုဂ်လည်း ဖြစ်မှာပါ" ဟု တည်ဆောက်ဆဲ တံတားကြီးအနီး ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

**မောင်ယဉ်ဦး**

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး ကျင်းပ

## ၂၀၁၂ ခုနှစ်မှ ယနေ့အထိ အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့





နေပြည်တော် ဖေဖော်ဝါရီ ၆

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်သည်အဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုမှုမရှိစေရေး၊ တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ် လူငယ်များကို လက်ခံမှုမရှိစေရေးနှင့် အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိသည့် စစ်သည်များကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးရေးကိစ္စများနှင့်ပတ်သက်၍ The Country Task Force on Monitoring and Reporting–CTFMR နှင့် ပူးပေါင်းဆောင်ရွက်မှုမတိုင်မီ ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၅၉၇ ဦးအား တပ်မတော်မှနုတ်ထွက်ခွင့်ပြုပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း ပေးခဲ့ပါကြောင်း၊ ထို့နောက် ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် CTFMR တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက် (Plan of Action)ကို လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီနှင့် CTFMR တို့ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကိုတပ်မတော်မှနုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင်အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း အလေးထားလိုက်ပါ စုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီ၏ ရည်မှန်းချက်အတိုင်း တပ်မတော်အတွင်း ကလေးစစ်သား အသုံးပြုမှုမရှိစေရေး တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို CTFMR သို့ အသိပေး အကြောင်းကြားလျက်ရှိပါကြောင်း။

ထို့ပြင် ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော်ကျင့်သုံးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကိုလည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သဖြင့် အဆိုပါနည်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မပြည့်သူများ မပါရှိစေရေးအတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အသီးသီးမှ စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက် လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးလုပ်ငန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကော်မတီအနေဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း CTFMR နှင့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါစစ်သည်များအား မိဘ/အုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services–UNOPS) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOPS က မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် UNOPS တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာဆွေးနွေးကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ UNOPS ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur၊ UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ခြင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး တက်ရောက်ကြည့်ရှု အားပေးသည်။

စုပေါင်း သွေးလှူဒါန်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်း ၃၃ ဦးတို့က သွေးလှူဒါန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြပြီး ကြက်ဥ၊ အားဖြည့်အချိုရည်၊ မုန့်နှင့်ရေသန့်၊ ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဆေးရုံတက်ရောက် ကုသလျက်ရှိသော လူနာများအတွက် သွေးလာရောက်လှူဒါန်းကြသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်း ၃၃ ဦးအား ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ကရင်ပြည်နယ် သမဝါယမဦးစီးဌာန၌ ဥပဒေအသိပညာပြန့်ပွားရေးဟောပြော

**ဘားအံ ဖေဖော်ဝါရီ ၆**

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲကို ပြည်နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်က ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦးက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့တွင် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၆**

တနင်္သာရီ တိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ထားဝယ်မြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့်မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် ထားဝယ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်က မီးခိုးမြူငွေ့ ဖြစ်ပေါ်လာသည့် အကြောင်းအရင်းများ၊ မီးခိုးမြူငွေ့ အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေး နည်းလမ်းများ၊ Fire Hotspot များနှင့် ရေသယံဇာတများ ထိန်းသိမ်းရေး၊ ရေဝေရေလဲဒေသများမှ ရေချိုများရရှိနေမှု၊ ရေဝေရေလဲဒေသများ၏ အရေးပါမှု၊ ရေချိုများ ချွေတာသုံးစွဲရေး၊ ရေအရင်းအမြစ်များ ဝိုင်းဝန်းထိန်းသိမ်းခြင်းဆိုင်ရာများကို လည်းကောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် တောအုပ်ကြီး ဦးခင်မောင်ဆန်းက သစ်တောများမှပေးသော အကျိုးကျေးဇူးများ၊ သစ်တောများ ထိန်းသိမ်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်မှုနှင့် ကြိုတင်ကာကွယ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်ပင်စိုက်ပျိုးပြုစုခြင်း နည်းစနစ်များကို အသိပညာပေး ဟောပြောပြီး ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး သစ်ပင်စိုက်ပျိုးမှု လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား အတက်လမ်း ၂၂ ပေအကျယ် ကတ္တရာကွန်ကရစ် (AC)လမ်းသစ်ဖွင့်ပွဲ ကျင်းပ





**တောင်ကြီး ဖေဖော်ဝါရီ ၆**

(၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား အတက်လမ်း ၂၂ ပေအကျယ် ကတ္တရာကွန်ကရစ်(AC)လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား အတက်လမ်းသစ်ဖွင့်ပွဲ မုခ်ဦး၌ ကျင်းပသည်။

ဦးစွာ ရွှေဘုန်းပွင့်ဘုရား အတက်လမ်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွှေနှင့် ခွန်စံလွင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ စိန်နှင်းဆီ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်နှင့် လွိုင်ခမ်းအဆင့်မြင့် အိမ်ရာစီမံကိန်းမှ ဦးစိုင်းရွက်၊ ရွှေဘုန်းပွင့်ဘုရား ဂေါပကအဖွဲ့ ဦးခင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က စိန်နှင်းဆီ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်နှင့် လွိုင်ခမ်းအဆင့်မြင့် အိမ်ရာစီမံကိန်းမှ ဦးစိုင်းရွက်အား ဂုဏ်ပြုမှတ်တမ်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများသည် ရွှေဘုန်းပွင့်ဘုရား ဂေါပကအဖွဲ့နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တောင်ကြီးရုံးခွဲ)၊ ပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး၊ အထက(၄) ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအဖွဲ့၊ ရှမ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့၊ ကိန္နရီ၊ ကိန္နရာအကအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။



ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်း ပူဇော်၍ ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အား တင်လှူပူဇော်မည့် ထီးတော်စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖူးမြော်ကြသည်။

ထို့နောက် စေတီတော်ဓမ္မာရုံ၌ ကျင်းပသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ရာ နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မာ ဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်ဦးစီးပဓာန နာယက အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ တေဇဝန္တထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကလောမြို့နယ် ဟဲဟိုး-ဘော်ဆိုင်းလမ်းမှ တောင်မြေခြား-မြောက်မြေခြားလမ်း ကတ္တရာလမ်းသစ် (၁/၆ ဒသမ ၈၂) မိုင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က ဟဲဟိုး-ဘော်ဆိုင်းလမ်းမှ တောင်မြေခြား - မြောက်မြေခြားလမ်း ကတ္တရာလမ်းသစ် (၁/၆ ဒသမ ၈၂) မိုင်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အဖွင့်အမှာစကား ပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လမ်းတံတားများနှင့် ကတ္တရာလမ်းသစ် (၁/၆ ဒသမ ၈၂) မိုင် ဆောင်ရွက်ခဲ့မှုများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးမင်းသန့်က ရှင်းလင်းတင်ပြကာ ဒေသခံကျေးရွာကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး

**တောင်ကြီး ဖေဖော်ဝါရီ ၆**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဦးစွာ အလုပ်ရုံအတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် မော်တော်ဆိုင်ကယ်အဆင့်မြင့်စက်ပြင်သင်တန်း (၁/၂၀၂၅)၊ Bakery & Snack အမျိုးမျိုး ထုတ်လုပ်မှုသင်တန်း(၁/၂၀၂၅)နှင့် ကွန်ပျူတာအဆင့်မြင့်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း (၁/၂၀၂၅) တို့သို့ တက်ရောက်နေကြသည့် သင်တန်းသားသင်တန်းသူများ၊ သင်တန်းကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြဆရာ ဆရာမများ၏ သင်တန်းချိန်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများ နေထိုင်ရာ အဆောင်အိပ်ခန်းများနှင့် စားရိပ်သာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် သင်တန်းကျောင်း၏ ရေပေးဝေရေးစနစ်ကို ကြည့်ရှုစစ်ဆေးပြီး ဆိုင်ကယ်ပြင်သင်တန်းဆင်း တိုင်းရင်းသားတစ်ဦး၏ သင်တန်းကျောင်းမှသင်ပေးလိုက်သောပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကလောမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကလော ဖေဖော်ဝါရီ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းက ကလောမြို့နယ် ကလောဘူတာအနီးတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် ကလောချောင်း မူလနယ်နိမိတ် မြေတိုင်းတာပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။





ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကလောချောင်းဘေး မြေကာနံရံ ကိုးပေအမြင့် ဆောင်ရွက်နေမှု၊ ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသောရေအေးကန်ရေပေးဝေရေးပိုက်လိုင်းများ ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ ရေအေးကန်သွားလမ်းနှင့် တမံချဉ်းကပ်လမ်း ပြင်ဆင်ဆောင်ရွက်မှု၊ ရာဂီမုန်တိုင်းဒဏ်ကြောင့် ကလောမြို့ မောမြေဦးပန်းခြံအတွင်း ထိခိုက်ပျက်စီးမှုများနှင့်ပြန်လည်ထူထောင်ရေး ဆောင်ရွက်ထားရှိမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

**မှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာတွင် သဘာဝဘေးဒဏ်ကြောင့် လျှိုအတွင်း ရေထွက်ပေါက်မရှိဘဲ ထူးပေါက်ပိတ်ဆို့မှုကြောင့် ရေစီးဆင်းနိုင်ရန် ရေနုတ်မြောင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒေသခံများက ရေအမြန်ကျဆင်းစေရေးအတွက် ရေမြောင်းတူး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ညောင်ရွှေမြို့နယ်၌ တောင်ပေါ်ဒေသ ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ် ပါဝင်သော စိမ့်စမ်းရေ သွယ်တန်းခြင်းစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ဆောင်ရွက်သည့် တောင်ပေါ်ဒေသ ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော စိမ့်စမ်းရေသွယ်တန်းခြင်း စီမံကိန်း ပြီးမြောက်အောင်မြင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကုန်းခြံကျေးရွာ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် တောင်ပေါ်ဒေသ ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုမှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုပြီးမြောက်အောင်မြင်ခဲ့သည့် တောင်ပေါ်ဒေသ ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော စိမ့်စမ်းရေသွယ်တန်းခြင်း စီမံကိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေမှ ကူညီထောက်ပံ့မှုများနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေ၊ ရပ်စောက်၊ လွိုင်လင်မြို့နယ်တို့မှ ကျေးရွာသုံးရွာတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းမှ ရေတားတမံများ၊ စိမ့်စမ်းရေသွယ်ပိုက်လိုင်းများ၊ ရေသန့်စင်စနစ်များ၊ ရေစုကန်များ၊ အိမ်သွယ်ရေတိုင်များအား ရေမီတာစနစ်ဖြင့် သန့်ရှင်းသော သောက်သုံးရေများရရှိအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ စီမံကိန်းဆောင်ရွက်ပေးနိုင်မှုကြောင့် ကျေးရွာ သုံးရွာရှိ ဒေသခံအိမ်ထောင်စု ၃၆၉ စု၊ လူဦးရေ ၁၆၂၇ ဦးတို့အတွက် ရေကောင်းရေသန့်များကို အချိန်မရွေး၊ ရာသီမရွေး ဖူလုံစွာ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီး စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးနှင့် ရေရှည်တည်တံ့စေရေး ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ရေရရှိရေးလုပ်ငန်းသုံးပစ္စည်းများ၊ စနစ်များအား မိမိပိုင်ပစ္စည်းများကဲ့သို့ Ownership Mindset မွေးမြူကာ ထိန်းသိမ်းစောင့်ရှောက်ကိုင်တွယ်သုံးစွဲကြရန် အထူးတိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia (မစ္စမာကျား)က မြန်မာ–တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ လန်ချန်း–မဲခေါင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ၊ လန်ချန်း–မဲခေါင် စီမံကိန်းဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ စီမံကိန်းအောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကမ္ဗည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသော ရေပေးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အခမ်းအနားအပြီးတွင် ညောင်ရွှေမြို့နယ် ကုန်းခြံ(အထက်/အောက်)ကျေးရွာ၊ ရပ်စောက်မြို့နယ် ကျောက်တောခေတ်မီစံပြကျေးရွာ၊ လွိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာတို့မှ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ရောင်နီဦး စိုက်ပျိုးရေးသမဝါယမ အသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သမဝါယမဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး) သို့လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး)သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းသားကျောင်းသူများအနေဖြင့် အမှန်တကယ်တတ်မြောက်စေရေး၊ စွမ်းရည်များပြည့်ဝစေရေးတို့အတွက် ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ နေထိုင်ရေး၊ စားသောက်ရေးကိစ္စရပ်များအား အဆင်ပြေအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းရယ်မြို့နယ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲပြုလုပ်

**မိုင်းရယ် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာလာက ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကဗျာပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း၊ မူလွန်(တပ်တွင်း)၊ အလကနှင့် မူလွန်(၁)ကျောင်းတို့မှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။



**မိုင်းရယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ ၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားအဝင်မုခ်ဦး၊ Photo Booth၊ Interview Booth၊ ဂုဏ်ပြုခံလျှောက်လမ်း (Red Carpet)နေရာများ၊ ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိခဲ့ကြသူများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ၂၀၂၄ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကားအမည်များ ပြသထားရှိမှု၊ အခမ်းအနားကျင်းပမည့် ကျောက်စိမ်းခန်းမ၌ အကယ်ဒမီဆုပေးပွဲစင်မြင့် ပြင်ဆင်ထားရှိမှု၊ အသံစနစ်နှင့် မီးစနစ်များ တပ်ဆင်ပြီးစီးမှု၊ Stage LED Screen နှင့် LED ဘုတ်များ တပ်ဆင်မည့် နေရာများ၊ နေရာထိုင်ခင်းများနှင့် မီဒီယာဇုန်သတ်မှတ်ထားသည့်နေရာများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် အနုပညာရှင်များကို အလေးထား တန်ဖိုးထားသည့်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတွက်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး၊ အသံပိုင်းနှင့် မီးပိုင်းဆိုင်ရာကိစ္စရပ်များ လစ်ဟာမှုမရှိအောင် ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် အခမ်းအနားအစီအစဉ်များအလိုက် ကြိုတင်လေ့ကျင့်မှုများကို စနစ်တကျ စီမံဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ပြည်တွင်းထုတ် အရည်အသွေးကောင်းဂျုံမျိုးများ တိုးချဲ့စိုက်ပျိုးရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၆

ဂျုံအခြေခံသော စားသောက်ကုန်များ ထုတ်လုပ်ရန် အရည်အသွေးကောင်း ပြည်တွင်းထုတ် ဂျုံမျိုးများတိုးချဲ့စိုက်ပျိုးရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂျုံသီးနှံပညာရှင်များနှင့် သုတေသီများ၊ မြန်မာနိုင်ငံ ဂျုံစက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲ မကျင်းပမီ ပြည်တွင်း ဂျုံမျိုးများဖြင့် ထုတ်လုပ်ထားသည့် ပေါင်မုန့်၊ ပေါက်စီနှင့် ဂျုံအခြေခံစားသောက်ကုန်နမူနာများကိုပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသရာ ဂျုံစက်လုပ်ငန်းရှင်များက ဂျုံမျိုးအလိုက် အရသာ အရည်အသွေးများကို လေ့လာကြသည်။

ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲကို စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဂျုံသီးနှံသည် နိုင်ငံအတွင်း အောင်မြင်စွာ စိုက်ပျိုးနိုင်သော သီးနှံဖြစ်သည့်အပြင် အမျိုးအစားအလိုက် အရည်အသွေးများရှိသောကြောင့် ပြည်ပနိုင်ငံများမှ ဂျုံကုန်ကြမ်းများကို အဓိကထားတင်သွင်းဆောင်ရွက်ခြင်းမပြုဘဲ အရည်အသွေးကောင်းသော ဂျုံမျိုးကောင်းမျိုးစေ့များကို အသုံးပြု၍ ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်သွားရန် စီမံလျက်ရှိကြောင်း၊ ယခုလေ့လာကြည့်ရှုခဲ့ကြသည့် ဂျုံအမျိုးအစားများမှ လုပ်ငန်းရှင်များ နှစ်သက်သဘောကျသည့် ဂျုံမျိုးများကို ရွေးချယ်တင်ပြလာပါက လိုအပ်မှုအပေါ်မူတည်၍ ဒေသအလိုက် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဂျုံစိုက်တောင်သူများ၊ ဂျုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သူ အစုအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်တွင်း၌ အရည်အသွေးကောင်း ဂျုံမျိုးများ တိုးချဲ့စိုက်ပျိုးရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက ပြည်တွင်း၌ လက်ရှိ ဂျုံသီးနှံစိုက်ပျိုးထုတ်လုပ်နေမှုနှင့် အရည်အသွေးကောင်း ဂျုံမျိုးများ တိုးချဲ့စိုက်ပျိုးမည့်အစီအစဉ်များ၊ ဂျုံမျိုးများ မျိုးစပ်ထုတ်လုပ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံ ဂျုံစက်လုပ်ငန်းရှင်များနှင့် အစည်းအဝေး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးချက်များအရ ပြည်တွင်း၌ လက်ရှိ ဂျုံမျိုး ၁၅ မျိုးကို တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုတွင် ဧက ၁၂၆၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး စုစုပေါင်း ဂျုံအထွက် တင်း ၂၉၇၀၀၀၀ ကျော် ထွက်ရှိကာ ဂျုံမှုန့် တန်ချိန် ၇၂၇၀၀၀ ကျော်ကို နှစ်စဉ် ထုတ်လုပ်လျက်ရှိပြီး ဂျုံစက်လုပ်ငန်းရှင်များက ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သော ဂျုံမျိုးများကို ဓာတ်ခွဲစမ်းသပ်ပြီး ၎င်းတို့ကြိုက်နှစ်သက်သည့် ဂျုံမျိုးများကို ပြန်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ ကွင်းအမှတ် ၁၈၁၇ တွင် နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ စိုက်ပျိုးရေပေးဝေရန်အတွက် မြေအောက်ရေစက်ရေတွင်း တူးဖော်မည့်နေရာအားကြည့်ရှုစစ်ဆေးပြီး အဆိုပါကွင်းအမှတ် ၁၈၁၇ အတွင်း ဆောင်းသီးနှံ နေကြာစိုက်ခင်းနှင့် မတ်ပဲသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ကျေးရွာအုပ်စု ရန်အောင်မြင်ကျေးရွာ ကွင်းအမှတ် ၁၆၂၈ တွင် နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) က စိုက်ပျိုးရေပေးဝေရန်အတွက် မြေအောက်ရေ စက်ရေတွင်း တူးဖော်မည့်နေရာအား ကြည့်ရှုစစ်ဆေးပြီး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး သီးထပ်စွမ်းအားများ တိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး၊ ဆီထွက်သီးနှံများ အထွက်နှုန်းပြည့်ဝစွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး၊ သွင်းအားစုများကို သဘာဝမြေဩဇာများ တွင်ကျယ်စွာ အသုံးပြုရေး၊ စိုက်ပျိုးမြေများကို စနစ်တကျ ပြုပြင်ပြီး စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေများ အလေအလွင့်မရှိစေရေး တောင်သူအသိပညာပေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ တက်ရောက်လာကြသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် လယ်ဝေးမြို့နယ် ပုံချီကျေးရွာရှိအခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ပုံချီ)သို့ သွားရောက်၍ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဘာသာရပ်များတွင် ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားနေမှု၊ ကျောင်းဝင်းအတွင်း သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနား တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးမှူးများအား တွေ့ဆုံမှာကြား



**နေပြည်တော် ဖေဖော်ဝါရီ ၆**

မိမိတို့၏ ဌာနလုပ်ငန်းများ မြင့်တင် ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည် မြင့်မားရေးကို ကြိုးစားဖြည့်ဆည်းကြရန်နှင့် နိုင်ငံတော်၏ မီဒီယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် တွေးခေါ်ကြံဆမှုများ ရင့်သန်စေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြောကြားသည်။

**မှာကြား**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၄)နှစ်မြောက် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးမှူးများအား ယနေ့နံနက်ပိုင်းတွင်ပြန်ကြားရေးဝန်ကြီးဌာနစုဝေးခန်းမ၌ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို စဉ်ဆက်မပြတ်သိရှိအောင် လေ့လာနေကြရန်နှင့် တိုးတက်လာသည့် နည်းပညာများကို အသုံးပြု၍ သတင်းတု၊ သတင်းမှားများကို ချေဖျက်ပြီး ပြည်သူများထံ သတင်းမှန် ရောက်ရှိစေရေး အတွက် အစဉ်မပြတ် ကြိုးစား ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ဦးတည်ချက်၊ရည်မှန်းချက်များ အောင်မြင်စေရေးအတွက်လည်း သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် အညီ စာဖတ်ရိုရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မိမိတို့သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ လူငယ်များ၏ အသိပညာ၊ ဗဟုသုတ တိုးပွားစေရေး၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေးတို့အတွက် အသိပညာပေး ဟောပြောပွဲများ၊ စကားဝိုင်းများ၊ စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများကိုလည်းဆက်လက်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးသည် နိုင်ငံတော် အစိုးရ၏ ရည်မှန်းချက်ဖြစ်သဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားရန်နှင့် ကဏ္ဍပေါင်းစုံမှ ကြိုတင်ပြင်ဆင် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးမှူးများက ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှု၊ စာကြည့်တိုက် ဝန်ဆောင်မှုနှင့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်မှု၊ စာဖတ်ရိုရှိန်မြှင့်တင်ရေးပွဲတော်များ ဆောင်ရွက်နိုင်မှု၊ သတင်းမှန်များ ပေးပို့ဖော်ပြနိုင်မှု၊ မူပိုင်ခွင့်မှတ်ပုံတင်နှင့် ရုပ်ရှင်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှု၊ တစ်နှစ်တာကာလအတွင်း တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်၊ သုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာကြည့်တိုက်များ၏ လိုအပ်ချက်များကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားကြစေလိုကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် အသိပညာ၊ ဗဟုသုတများ၊ လုပ်ငန်းရေးရာများ၊ ခေါင်းဆောင်မှုပညာရပ်များ စသည်တို့ကို အစဉ်မပြတ် လေ့လာဆည်းပူးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသအသီးသီးရှိ ဝန်ထမ်းများအတွက် ဝတ်စုံများ ပေးအပ်ချီးမြှင့်ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**



## ကန်ကြီးထောင့်မြို့နယ်၌ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ၊ စာအုပ်နှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် World Vision တို့ပူးပေါင်း၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲကို ယနေ့ နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ကန်ကြီးထောင့်မြို့နယ်အတွင်း အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများရှိ ကျောင်းသားကျောင်းသူများက စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ အစရှိသည့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးနှင့် ဒုတိယဦးစီးမှူး ဒေါ်သီတာဝင်းတို့က ကျောင်းသား ကျောင်းသူများအား (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်နှင့် ပတ်သက်သည့် နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များအား လိုက်လံရှင်းလင်းပြသကြပြီး မြို့နယ်ရုံးတွင် ခင်းကျင်းပြသထားသော ပြတိုက်ငယ်ရှိ ပစ္စည်းများအား ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာကြည့်ရှုကြသည်။ အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၇ ရက်တွင် ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဇင်စိုး(ပြန်/ဆက်)**

## (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်နှင့် ပန်းချီအရောင်းပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ခင်းကျင်းပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

စာအုပ်နှင့် ပန်းချီအနုပညာချစ်မြတ်နိုးသူများနှင့် စိတ်ဝင်စားကြသူများ တစ်နေရာတည်းတွင် စုံလင်စွာ လေ့လာကြည့်ရှုဝယ်ယူနိုင်ကြမည့် ပထမအကြိမ် MMC စာအုပ်နှင့် ပန်းချီအရောင်းပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည့် အဆိုပါ စာအုပ်နှင့် ပန်းချီအရောင်းပြပွဲကို (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် အထူးအစီအစဉ်များကိုလည်း ထည့်သွင်းထားကာ စာရေးဆရာများ၊ ပန်းချီဆရာများနှင့် ပရိသတ်များ တွေ့ဆုံမိတ်ဆက်မေးမြန်းသည့် အစီအစဉ်များ၊ Live ရေးဆွဲမည့် ရုပ်ပြောင်ပန်းချီ Caricature အစီအစဉ်များနှင့် အခြား စိတ်ဝင်စားစရာများကို ထည့်သွင်းထားကြောင်း သိရသည်။ အရောင်းပြပွဲလာပရိသတ်များ အလွယ်တကူ စားသောက်နိုင်ရန်အတွက် စားသောက်ဆိုင်များကိုလည်း တွဲဖက်ဖွင့်လှစ်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

မြဝတီမီဒီယာစင်တာ Public Access Media Centre တွင် စာအုပ်များကို အထူးလျှော့ဈေးများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး အခြားသောစာအုပ်များကိုလည်း အရောင်းပြပွဲကာလအတွင်း အထူးဈေးနှုန်းများဖြင့် ရောင်းချပေးရန် စီစဉ်ထားသည်။

ယခုပွဲသည် မြဝတီမီဒီယာစင်တာဝင်းအတွင်း ပထမဦးဆုံးပြုလုပ်သည့် အရောင်းပြပွဲဖြစ်ပြီး စာဖတ်ရိုရှိန်မြှင့်တင်ရေးနှင့် စာဖတ်သူတိုးပွားလာရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကို**




## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၃)

ဦးအောင်ကို (ဒုတိယညွှန်ကြားရေးမှူး / အင်ဂျင်နီယာချုပ်)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း




ရေနံလက်ယက်တွင်းပေါင်းများစွာတူးဖော်ခဲ့မှုနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနေမှုမှတ်တမ်းဓာတ်ပုံ။

မြန်မာနိုင်ငံတွင် ရေနံတွေ့ရှိပုံကို ဒဏ္ဍာရီဆန်ဆန် ပြောစမှတ်ပြုကြသည်။ သက္ကရာဇ် ၉၀၆ ခုနှစ်တွင် ပုဂံပြည့်ရှင် တန်နက်မင်းကို စလေငခွေး လုပ်ကြံ၍ နန်းတက်သောအခါ တန်နက်မင်း၏ မိဖုရားနှင့် နောက်ပါ ဆွေမျိုးအခြံအရံတို့ ထွက်ပြေးတိမ်းရှောင်ကြသည်။ ၎င်းတို့အနက်မှ ၁၂ ဦးသည် ရေနံထွက်ရာအရပ်ကို စတင်တွေ့ခဲ့ကြသည်ဟု ဆိုသည်။ ထို ၁၂ ဦးသည် ထိုစဉ်က ဆိပ်သာကွန်းထောက်ဟုခေါ်သောဒေသ (နောင်အခါ ရေနံများ ချောင်းပေါက်အောင်ထွက်ရှိ၍ ရေနံချောင်းဟုခေါ်တွင်လာသော ရေနံမြေဒေသ) ဆိုင်ရာသူကြီးထံ မြေတိုင်းစာခံယူ၍ ထိုအရပ်၌ပင် နေထိုင်ပြီးလျှင် ရေနံတို့ကို စတင်လုပ်ကိုင်စားသောက်ကြသည်မှ တွင်းရိုး၊ တွင်းစားများ ပေါ်ပေါက်လာသည်ဟုလည်း အဆိုရှိသည်။ မြန်မာနိုင်ငံတွင် ပုဂံခေတ်ဦးပိုင်းတွင် ရေနံကို (ယခု ရေနံချောင်းဒေသတွင်) တွေ့ရှိကြပြီး တူးဖော်အသုံးပြုတတ်ကြပြီဟု ယူဆရသည်။

ရေနံကို မင်းသုံးစိုးသုံးအဖြစ် စတင်ခဲ့သောကာလသည် အနော်ရထာမင်းလက်ထက် ဖြစ်သည်။ ရေနံဆက်သွင်းခဲ့သော မူလရေနံတွင်းရိုးအိမ်ထောင်စုတို့ကို ဘွဲ့ထူးဂုဏ်ထူးတို့ဖြင့် ချီးမြှင့်ခဲ့သည်။ တွင်းရိုးအိမ်ထောင်စုတို့သည် အခြားတစ်ပါးသောမျိုးရိုးတို့နှင့် မဆက်နွှယ်ဘဲ သီးသန့်နေထိုင်ကြ၍ အနော်ရထာမင်းလက်ထက်တွင် တွင်းရိုး ၂၄ ဦး ရှိခဲ့သည်။

ရေနံကိုစတင်တွေ့ရှိချိန်က ရေနံမြေဒေသတွင် ရေနံများသည် မြေပြင်ပေါ်သို့ စိမ့်ထွက်လျက် အိုင်လေးများ ဖြစ်နေခဲ့ဟန်တူသည်။ အချို့နေရာများတွင် မြင့်ရာမှနိမ့်ရာသို့ စမ်းချောင်းလေးများကဲ့သို့ စီးဆင်းနေကြပေမည်။ အထုတ်အယူများလာသောအခါ ရေနံကို လက်ယက်တွင်းများဖြင့် တူးဖော်ယူကြရသည်။ ရေနံတွင်းများသည် တစ်စတစ်စ နက်သည်ထက် နက်လာသည်။ ၁၈ ရာစု အလယ်လောက်တွင် ရေနံတွင်းများသည် ပေ ၁၀၀ မှ ၃၀၀ အထိ နက်နေပြီဖြစ်သည်။

တွင်းရိုးများသည် ရေနံတွင်းသစ်ကို မိမိတို့သဘောကျတူးနိုင်သည်ဆိုသော်လည်း တစ်ဦးနှင့်တစ်ဦး ကွင်းပိုင်ရှင်အချင်းချင်း ပြဿနာမရှိစေရန် လက်ရှိတွင်းမှ ၄၅ ပေ အကွာအဝေးအတွင်း တွင်းသစ်မတူးရဟု သတ်မှတ်ချက်ရှိသည်။ ထို့ပြင် တွင်ရိုးတစ်ဦးသည် တစ်နှစ်လျှင် ၁၂ တွင်းထက် ပို၍တူးခွင့်မရှိဟူသည့် စည်းကမ်းများရှိခဲ့သည်ကို ထောက်ရှုခြင်းဖြင့် မြန်မာနိုင်ငံတွင် ရေနံတူးဖော်ခြင်း စတင်ခဲ့သည့်အချိန်ကာလများ၌ပင် စနစ်တကျရှိစေရေးအတွက် ထိန်းကျောင်းမှုများရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပုဂံခေတ်က စတင်တွေ့ရှိခဲ့သောရေနံသည် ကုန်းဘောင်ခေတ်တွင် စနစ်ကျစွာ ကြပ်မတ်မှုဆောင်ရွက်နိုင်ခဲ့ပြီး အင်္ဂလိပ်အုပ်ချုပ်မှု အချိန်ကာလတွင် နည်းပညာဆန်းသစ်မှုနှင့် ပြည်ပကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများ၊ လက်ဝါးကြီးအုပ်စီးပွားရှာမှုများကြောင့် ယခင်ကထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ကြသည်။ ယင်းအချိန်က ရေနံလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အရေးပါဆုံးနှင့် ဝင်ငွေအရဆုံးလုပ်ငန်းတစ်ခုဖြစ်ခဲ့သည်။

ရေနံလက်ယက်တွင်းများ တူးဖော်ခြင်းသည် ရှေးယခင်ကတည်းကပင်ရှိခဲ့ကြပြီး ယနေ့ကာလတွင် ခေတ်မီစက်ကိရိယာများအသုံးပြု၍ တူးဖော်ထုတ်လုပ်နေကြပြီဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး တူးဖော်ထုတ်လုပ်ခဲ့ကြသည်။ နိုင်ငံပိုင်စီးပွားရေးဥပဒေအရ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှစ၍ ရေနံလက်ယက်တွင်းတိမ် (ပေတိမ်)များကို ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါသည်။ ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခွင့်ကိုလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် ခွင့်ပြုခဲ့ပြီး လုပ်ငန်းများကြီးကြပ်ခွင့်ကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအား ခွင့်ပြုခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ဖြင့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဥပဒေအရ အနက်ပေ ၁၀၀၀ ထက်မပိုဘဲ တူးဖော်ရမည်ဟု ပြဋ္ဌာန်းခဲ့သော်လည်း နည်းဥပဒေမရှိသေးသည့်အပြင် ကြပ်မတ်စစ်ဆေးမှုအားနည်းခဲ့သည့်အတွက် ပေ ၂၀၀၀-၃၀၀၀ ကျော်အထိ တူးဖော်ထုတ်လုပ်ခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် ဇွန်လ ၄ ရက်နေ့တွင် ရေနံလက်ယက်တွင်းဆိုင်ရာ နည်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းနည်းဥပဒေအရ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလက်ယက်တွင်း တစ်တွင်းနှင့် တစ်တွင်း အကွာအဝေးအား အနည်းဆုံး ပေ ၁၀၀ ထားရှိရမည်ဟု ပြဋ္ဌာန်းထားသော်လည်း မြေပြင်တွင် Water Jet စက်များအသုံးပြုပြီး မြေတစ်ဧက (ပေ ၂၁၀ ပတ်လည်) လျှင် ရေနံလက်ယက်တွင်း ၁၀ တွင်းမှ ၁၅ တွင်းထိ တစ်တွင်းနှင့်တစ်တွင်း ပေ ၂၀ မှ ပေ ၅၀ သာခြား၍ တူးဖော်ထုတ်လုပ်ခဲ့ကြသည်။

ရေနံထုတ်ယူနေသောတွင်းနှင့် နီးနိုင်သမျှနီးပြီး တူးဖော်ပါက ရေနံထွက်ရန် ပိုမိုသေချာသည်ဟု ယုံကြည်ကြသော်လည်း ထုတ်ယူနေသည့် ရေနံကြောထဲသို့ တွင်းသစ်မှရွှံ့ရည်များ ဝင်ရောက်လာ၍ ရေနံကြော ထိခိုက်ပျက်စီးခြင်းနှင့် အထွက်နှုန်းကျဆင်းခြင်းစသည့် မလိုလားအပ်သောဆိုးကျိုးများဖြစ်ပေါ်လာမည်ကိုလည်း သိရှိလိုက်နာရမည်ဖြစ်ပါသည်။ ရေနံထုတ်ယူမည့် သဲကြော၏ ဂုဏ်သတ္တိအလိုက် သင့်လျော်သည့် အကွာအဝေးရှိမှသာ ရေရှည်ထုတ်ယူနိုင်ခြင်းနှင့် ရသင့်သည့် ရေနံပမာဏကိုလည်း ထုတ်ယူနိုင်မည်ဖြစ်ရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ရေနံတွင်းများအတွက် ပေ ၃၀၀ ခန့်နှင့် သဘာဝဓာတ်ငွေ့တွင်းများအတွက် ပေ ၁၀၀၀ အနည်းဆုံး အကွာအဝေးသတ်မှတ်၍ စနစ်တကျ တူးဖော်လျက်ရှိပါသည်။

## စနစ်ကျစွာတူးဖော်ခြင်း

စနစ်ကျစွာတူးဖော်ရာတွင် တွင်းတူးဖော်ခြင်းနှင့် တွင်းကာပိုက်များချထားခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ရေနံနှင့် ဓာတ်ငွေ့သိုက်အပေါ်မူတည်၍ တူးဖော်ရသည့် အနက်ပေ၊ အသုံးပြုရသည့် တွင်းတူးရွှံ့ရည်၏ ဂုဏ်သတ္တိ၊ ချထားရသည့်တွင်းကာပိုက်များ၊ တွင်းတူးစက်နှင့် စက်ကိရိယာများ ကွဲပြားခြားနားကြပါသည်။ လိုအပ်ချက်နှင့် ကိုက်ညီသည့် စက်ကိရိယာပစ္စည်းများအသုံးပြုမှသာ အောင်မြင်သော ရေနံနှင့် ဓာတ်ငွေ့တွင်းများကို အန္တရာယ်ကင်းစွာဖြင့် တူးဖော်ရရှိနိုင်မည်ဖြစ်ရာ သတ်မှတ်ပေအထိ တူးဖော်၍ တိုင်းတာမှုများ ဆောင်ရွက်ပြီးနောက် သတ်မှတ်အရွယ်ရှိ တွင်းကာပိုက်များချပြီး ပိုက်နှင့် တွင်းနံရံကြားကို ဘိလပ်မြေဖြင့် သရိုးကိုင်ရပါသည်။ ဘိလပ်မြေဖြင့် သရိုးကိုင်ခြင်းက အပေါ်ယံရှိ ရေချိုလွှာကို အောက်ဘက်မှ ရေနံ၊ ဓာတ်ငွေ့နှင့် ဆားငန်ရည်များ ဝင်ရောက်ခြင်းမှ ကာကွယ်စေပါသည်။ မြေအောက် ရေနံ၊ ဓာတ်ငွေ့၊ ရေငန်ကြောများကို သီးခြားစီဖြစ်နေစေရန်ပိတ်ဆို့ကာကွယ်ပေးရသည်ဖြစ်ရာ ယနေ့တူးဖော်နေသည့် ရေနံလက်ယက်တွင်းများတွင် ဖော်ပြပါအတိုင်း ဆောင်ရွက်ကြမည်မဟုတ်သည်မှာ သေချာလှပေသည်။

ပုဂံခေတ်မှစတင်၍ တူးဖော်ထုတ်လုပ်ခဲ့သည့် ရေနံချောင်း ရေနံမြေသည် စနစ်တကျတူးဖော်ထုတ်လုပ်ခဲ့မှုများကြောင့် ယနေ့ထိတိုင်ပင် ထုတ်ယူရရှိနေခြင်းသည် မည်သို့မျှ ငြင်း၍မရသည့် သက်သေသာဓကပင် ဖြစ်ပေသည်။

## စနစ်ကျစွာစွန့်ပစ်ခြင်း

ယနေ့ ရေနံလက်ယက်တွင်းများ တူးဖော်ရာတွင် ရရှိအောင်မြင်သည့် တွင်းများရှိသကဲ့သို့ မရရှိမအောင်မြင်ခဲ့သည့် တွင်းများလည်းရှိရာ မအောင်မြင်ပါက တွင်းသစ်တူးရန်အတွက် နေရာအသစ်ထပ်မံရှာဖွေပြီး ပြင်ဆင်ကြပါသည်။ မိမိတူးဖော်ခဲ့ပြီး မအောင်မြင်ခဲ့သည့် တွင်းနေရာဟောင်းအား စွန့်ပစ်ထားခဲ့ကြပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ မတွေ့သောတွင်းဖြစ်စေ၊ ထုတ်ယူပြီးကုန်ဆုံးသွားသောတွင်းဖြစ်စေ စနစ်တကျပိတ်သိမ်း၍ စွန့်ပစ်ရမည်သာဖြစ်သည်။ Plug & Abandon (P & A) ပြုလုပ်သည်ဟုခေါ်သည်။ စီမံကိန်းကြီးများတွင် ရေနံတွင်း၊ ရေနံမြေအား စနစ်တကျစွန့်ပစ်နိုင်ရန်အတွက် Decommissioning လုပ်ငန်းစဉ်များ သတ်မှတ်ပြီး တိကျစွာလိုက်နာဆောင်ရွက်ကြရပါသည်။ စနစ်တကျမပိတ်သိမ်းပါက အဆိုပါတွင်းဟောင်းများမှ ထွက်ရှိသော ဆားငန်ရည်၊ ရေနံနှင့်ဓာတ်ငွေ့အစအနများက ကမ္ဘာမြေ၏ ရေချိုလွှာများကို ညစ်ညမ်းပျက်စီးစေနိုင်ပါသည်။ ထိုသို့မဖြစ်စေရန်အတွက် ပိတ်သိမ်းခြင်းကို မဖြစ်မနေဆောင်ရွက်ရန်လိုအပ်ပြီး ဘိလပ်မြေမောင်းသွင်းပိတ်ဆို့သည့် လုပ်ငန်းစဉ်များလည်း ပါဝင်ပါသည်။ စနစ်တကျစွန့်ပစ်ခဲ့ခြင်းမရှိပါက တွင်းဟောင်းများထဲသို့ မိုးရေများဝင်ရောက်လာပြီး ထုတ်ယူနေသည့်တွင်းများမှ ရေနံကြောကို လုံးဝထုတ်ယူ၍ မရတော့သည်အထိ ပျက်စီးစေနိုင်ပါသည်။ ထိုကဲ့သို့ နည်းစနစ်မကျစွာ စွန့်ပစ်ခဲ့သည့်တွင်းဟောင်းများ ရေနံမြေဧရိယာများတွင် မည်မျှရှိနေမည်ကို စဉ်းစားကြည့်နိုင်ပါသည်။

## စနစ်ကျစွာ တူးဖော်မှုမပြုခြင်း၏ အကျိုးဆက်များ

ယနေ့အချိန်တွင် ရေနံလက်ယက်တွင်းများ တူးဖော်ရာ၌ စက်ကိရိယာများ အထိုက်အလျောက် အသုံးပြုလာကြသော်လည်း ခေတ်မီနည်းပညာများဖြင့် စနစ်တကျ ပေါင်းစပ်တူးဖော်မှုမရှိခြင်းနှင့် မြေအောက်ကျောက်လွှာများ၏ ဘူမိဗေဒဆိုင်ရာ သဘောတရားများအား နားလည်ကျွမ်းဝင်မှုမရှိဘဲ တူးဖော်ခဲ့ခြင်းများကြောင့် မြေအောက်တွန်းကန်အားများသည့် စာမျက်နှာ ၁၃ သို့ ◆

> ❛ရေနံထုတ်ယူနေသောတွင်းနှင့် နီးနိုင်သမျှနီးပြီး တူးဖော်ပါက ရေနံထွက်ရန် ပိုမိုသေချာသည်ဟု ယုံကြည်ကြသော်လည်း ထုတ်ယူနေသည့် ရေနံကြောထဲသို့ တွင်းသစ်မှရွှံ့ရည်များ ဝင်ရောက်လာ၍ ရေနံကြောထိခိုက်ပျက်စီးခြင်းနှင့် အထွက်နှုန်းကျဆင်းခြင်း စသည့် မလိုလားအပ်သောဆိုးကျိုးများဖြစ်ပေါ်လာမည်ကိုလည်း သိရှိလိုက်နာရမည်ဖြစ်ပါသည်။ ရေနံထုတ်ယူမည့် သဲကြော၏ ဂုဏ်သတ္တိအလိုက် သင့်လျော်သည့် အကွာအဝေးရှိမှသာ ရေရှည်ထုတ်ယူနိုင်ခြင်းနှင့် ရသင့်သည့် ရေနံပမာဏကိုလည်း ထုတ်ယူနိုင်မည်ဖြစ်ရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ရေနံတွင်းများအတွက် ပေ ၃၀၀ ခန့်နှင့် သဘာဝဓာတ်ငွေ့တွင်းများအတွက် ပေ ၁၀၀၀ အနည်းဆုံး အကွာအဝေးသတ်မှတ်၍ စနစ်တကျ တူးဖော်လျက်ရှိ❜

◆ စာမျက်နှာ ၁၂ မှ

သဘာဝဓာတ်ငွေ့သဲကြောလွှာများကို တူးဖောက်မိပါက တွန်းကန်ထွက်လာပြီး မီးလောင်မှုအန္တရာယ်များ၊ အသက်အန္တရာယ်ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရခြင်းများနှင့် မြေအောက်တွန်းကန်အားများသည့် ရေအောင်းလွှာများကို တူးဖောက်မိပါက ဆားငန်ရည်များ မြေပေါ်သို့ တွန်းကန်ထွက်လာနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမည်ဖြစ်ပါသည်။

ထို့အပြင် ရေနံလက်ယက်တွင်းများကို တစ်တွင်းနှင့်တစ်တွင်း ထားရှိရမည့်အကွာအဝေး (Well Spacing) အတိုင်း မထားရှိဘဲ နီးကပ်စွာ တူးဖော်ကြခြင်းကြောင့် ရေနံခိုအောင်းလွှာ ဖိအားကို လျော့ကျစေနိုင်ပြီး ရေနံသဘာဝစီးဆင်းမှုကို အဟန့်အတား ဖြစ်စေနိုင်ပါသည်။ ထိုအချက်သည် ရေနံကို သက်တမ်းရှည်ကြာစွာ ထုတ်ယူနိုင်ရန် အခက်အခဲဖြစ်စေသည်ကို သတိချပ်ရမည်ဖြစ်ပါသည်။ ရေနံလက်ယက်တွင်းတူးဖော်သူများအနေဖြင့် Isolation (မြေအောက်ရေနံကြော၊ ဓာတ်ငွေ့ကြောနှင့် ရေကြောများ ကူးလူးရောယှက်မှုမရှိစေရန် မလိုအပ်သည့်ရေကြောများအား ဘိလပ်မြေချခြင်း၊ ရော်ဘာပလပ်ချခြင်း) ကို မစဉ်းစားခဲ့ကြသဖြင့် မြေအောက်ရေနံကြော၊ ဓာတ်ငွေ့ကြောနှင့် ရေကြောများ ကူးလူးရောယှက်မှုကြောင့် ရေနံသိုက်များ အချိန်မတိုင်မီ ပျက်စီးခြင်းနှင့် တွင်းသက်တမ်းတိုခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ပြည်သူလူထု၏ ရေနံနှင့် သဘာဝဓာတ်ငွေ့သယံဇာတများမှာ များစွာပျက်စီးဆုံးရှုံးလျက်ရှိနေပါသည်။

ဘူမိဗေဒသဘောတရားများကို သေချာစွာ သိရှိခြင်းမရှိဘဲ တူးဖော်ခြင်းသည် ရေနံခိုအောင်းလွှာသဲကြောများကို အားပျော့သွားစေနိုင်သည်။ ထိပ်ပိတ်ကျောက်(Cap Rock)သည် အတားအဆီးကျောက်လွှာတစ်ခုအဖြစ် လုပ်ဆောင်ပြီး ၎င်းအောက်ရှိ ရေနံနှင့်ဓာတ်ငွေ့များကို အပြင်သို့ ထွက်မသွားအောင် တားဆီးပေးရာ လက်ယက်တွင်းများအနေဖြင့် စနစ်တကျ တူးဖော်ခြင်းမျိုးမရှိခြင်းကြောင့် ရေနံခိုအောင်းလွှာများအား ပျက်စီးယိုစိမ့်မှု (သို့မဟုတ်) ဟိုက်ဒရိုကာဗွန်များကို အချိန်မတန်မီ ရွှေ့ပြောင်းမှုဖြစ်စေနိုင်သည့်အတွက် ဖွဲ့စည်းတည်ဆောက်ပုံပျက်စီးခြင်း (Structural Damage) များ ဖြစ်ပေါ်လာနိုင်ပါသည်။

လက်ယက်တွင်းများသည် လေမှုတ်ထုတ်ခြင်း (တွင်းကန်ခြင်း၊ Blow out) အား တားဆီးနိုင်မည့် ထိန်းချုပ်မှုစနစ်များ မရှိသည့်အတွက် ရေနံခိုအောင်းလွှာအတွင်းသို့ ထိုးဖောက်ဝင်ရောက်ပါက ဟိုက်ဒရိုကာဗွန်များသည် မြေမျက်နှာပြင်ပေါ်သို့ ထိန်းမနိုင်သိမ်းမရ ကန်ထွက်သွားနိုင်ပြီး ထိန်းချုပ်မရသော ဟိုက်ဒရိုကာဗွန်ထုတ်လွှတ်မှု (Uncontrolled Hydrocarbon Release) ကို ဖြစ်ပေါ်စေပါသည်။ ၎င်းတို့နှင့်အတူ အခြားအဆိပ်သင့်ဓာတုပစ္စည်းများ ပါဝင်နိုင်ပြီး စနစ်တကျသန့်စင်ခြင်း၊ စွန့်ပစ်ခြင်း မရှိပါက မြေဆီလွှာကို ညစ်ညမ်းစေကာ ရေနံလက်ယက်တွင်း လုပ်ကွက်အတွင်းရှိ သစ်တောသစ်ပင်များ ထိခိုက်ပျက်စီးခြင်း၊ အပင်များ၏ ကြီးထွားမှုကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါ အဆိပ်သင့်ဓာတုပစ္စည်းများသည် မြေပေါ်ရေ၊ မြေအောက်ရေထဲသို့ ရောက်ရှိနိုင်သဖြင့် ရေအရင်းအမြစ်များနှင့် ဒေသမျိုးရင်း တောရိုင်းတိရစ္ဆာန်များ၏ သဘာဝအလျောက်နေထိုင်ရာ စားကျက်နေရာများကို ပျက်စီးစေနိုင်သည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းဆုံးရှုံးစေပြီး ဂေဟစနစ်ဆိုင်ရာ ဟန်ချက်ညီမှုကို ထိခိုက်စေနိုင်ကာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်ပျက်စီးစေမည်ဖြစ်ပါသည်။

တူးဖော်ရာ၌လည်း ရေနံခိုအောင်းလွှာများနှင့် သဘာဝမြေအောက်ရေလွှာကြောများ နီးကပ်သည့် ရေနံမြေများတွင် ဟိုက်ဒရိုကာဗွန်များသည် အနီးအနားရှိ မြေအောက်ရေကြောထဲသို့ ရွှေ့ပြောင်းသွားနိုင်ပါသည်။ ဤစိမ့်ဝင်ရွှေ့ပြောင်းမှုသည် မြေအောက်ရေ အရည်အသွေးကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်ပြီး လူ (သို့မဟုတ်) စိုက်ပျိုးရေ အသုံးပြုမှုအတွက် ဆိုးကျိုးဖြစ်စေသည့် Aquifer Contamination များ ဖြစ်ပေါ်လာနိုင်ပါသည်။

ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ပျက်စီးမှုမဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမဖြစ်စေရန် ဆောင်ရွက်ရမည့်အပြင် လုပ်ငန်းဆောင်ရွက်ပြီးသည့်အခါ လုပ်ကွက်အား မူလအနေအထားအတိုင်း ဖြစ်စေရန် ပြန်လည်ပြုပြင်ထားရှိရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းခဲ့သော်လည်း လိုက်နာကျင့်သုံးမှုအားနည်းပြီး စနစ်မကျသည့် တူးဖော်ခြင်းများကြောင့် လေထဲသို့ အော်ဂဲနစ်ဒြပ်ပေါင်းများ၊ အဆိပ်ဓာတ်ငွေ့များနှင့် လေထုကိုညစ်ညမ်းစေသော အမှုန်အမွှား စသည်တို့အပါအဝင် ရေနံတူးစင်များမှ ထုတ်လွှတ်မှုများသည် လေထုညစ်ညမ်းမှုကိုဖြစ်စေနိုင်ပြီး ဒေသအတွင်း ဝန်းကျင်လေထုအရည်အသွေး၊ ရေနံလက်ယက်တွင်း လုပ်ကွက်အတွင်းရှိ သက်ရှိများ၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများနှင့် အနီးဝန်းကျင်ရှိ လူမှုအသိုင်းအဝိုင်းများအတွက် အခြားသောကျန်းမာရေးပြဿနာများကို များစွာဖြစ်ပေါ်စေနိုင်ပါသည်။

**ရေနံလက်ယက်တွင်းပေါင်းများစွာ**
**တူးဖော်ခဲ့မှုနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနေမှု**

လက်ယက်တွင်းဥပဒေအရ အနက်ပေ ၁၀၀၀ ထက်မပိုခြင်းနှင့် တစ်တွင်းနှင့်တစ်တွင်း ပေ ၁၀၀ ခြား တူးဖော်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်သော်လည်း မြေပြင်တွင် အနက်ပေ ၂၀၀၀ မှ ၃၀၀၀ ကျော်နှင့် တစ်တွင်းနှင့်တစ်တွင်း ပေ ၂၀ မှ ၅၀ ခြား တူးဖော်နေကြသည်ကို တွေ့ရှိရပါသည်။ ရေနံသဲကြောများကို စနစ်တကျ တစ်ကြောကုန်မှ တစ်ကြော ထုတ်ယူရမည်ဖြစ်သော်လည်း လက်တွေ့တွင် ရေနံထွက်ရှိရာနေရာ၌ တစ်တွင်းနှင့်တစ်တွင်း ကပ်လျက် ရေနံတွင်းပေါင်း ထောင်ကျော်တူးဖော်ပြီး ရေနံထွက်နိုင်သည့် သဲကြောများအား တိုင်းတာမှတ်သားထားသည့် အကွာအဝေးအတိုင်း ကြိုတင်ကာ ကွန်ကြူးပိုက်များတွင် အပေါက်များဖောက်ကာ သဲကြောအားလုံးမှ ရေနံများမြန်မြန်ရရှိရေး တစ်ပြိုင်တည်း ထုတ်ယူနေကြသည့်အတွက် မြေအောက်ရှိ ရေနံသဲကြောများ ထိခိုက်ပျက်စီးစေပြီး ရေရှည်ထုတ်ယူနိုင်ရေးကို ထိခိုက်စေမည်မှာ မလွဲဧကန်ဖြစ်ပေသည်။

ရေနံရရှိရေးအတွက် ရည်မှန်းတူးဖော်ခဲ့ကြသော်လည်း တစ်ခါတစ်ရံ ဓာတ်ငွေ့ထွက်လာသည့်အခါ တွင်းကာပိုက်အား ပိတ်၍ရသော်လည်း Annulus (တွင်းကာပိုက် အပြင်နှင့် တွင်းပေါက်ကြား) မှ ဓာတ်ငွေ့စီးထွက်မှုကြောင့် မီးလောင်ခဲ့သည့် ဖြစ်စဉ်များစွာရှိခဲ့သည်ကိုလည်း သတိပြုရမည် ဖြစ်ပါသည်။

ရှေးဘုရင်မင်းများလက်ထက်ကပင် လက်ယက်တွင်းများ တူးဖော်ရာတွင် စနစ်တကျရှိစေရေး ထိုက်သင့်သည့် စည်းမျဉ်းစည်းကမ်းများဖြင့် ကြပ်မတ်ခဲ့သည့်မှတ်တမ်းများ တွေ့ရှိရသော်လည်း ယနေ့ခေတ် လက်ယက်တွင်းများအား စက်ကိရိယာများဖြင့် တူးဖော်ရာတွင် အထိန်းအကွပ်မဲ့စွာ တူးဖော်နေကြသည့်အတွက် မြေအောက်ရေနံသဲကြော (Reservoir)နှင့် သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်ပျက်စီးဆုံးရှုံးနေမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

**စနစ်ကျစွာ တူးဖော်ထုတ်လုပ်နိုင်ရန် စီမံခြင်း**

မြန်မာနိုင်ငံ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များဖြစ်ပေါ်စေသည့် ကျောက်လွှာများသည် ဘူမိသက်တမ်းအရ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၇၅ သန်းမှ ၂၃ သန်းခန့်ကြားတွင် ဖြစ်တည်ကြပါသည်။ ပြည်သူ့သယံဇာတများကို ပြည်သူများက သုံးစွဲကြရမည်ဖြစ်ရာ ရေရှည်စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေးနှင့် သားစဉ်မြေးဆက်အထိ ထုတ်ယူသုံးစွဲနိုင်ရေး ရည်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ **“မြန်မြန်တူး မြန်မြန်ထုတ် မြန်မြန်ရောင်း”** နောက်တစ်နေရာပြောင်းပြီး တူးဖော်ထုတ်ယူအသုံးပြုနေသည့် လက်ယက်တွင်းတူးဖော်မှုပုံစံမှ မြေအောက် Reservoir များထိခိုက်မှုမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရန် သတိချပ်၍ စနစ်တကျတူးဖော်သည့်ပုံစံသို့ ပြောင်းလဲနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထို့အပြင် ရေနံလက်ယက်တွင်း တူးဖော်လုပ်ကိုင်သူများအနေဖြင့် တူးဖော်ရရှိသည့် ရေနံစိမ်းများကို မိမိအစီအစဉ်ဖြင့်သာ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ချက်လုပ်ခြင်းနှင့် ပြန်လည်ရောင်းချခြင်းများ ဆောင်ရွက်ခဲ့ကြပြီး စွမ်းအင်ဝန်ကြီးဌာန၏ စီမံခန့်ခွဲကြီးကြပ်မှုအောက်တွင် မရှိခဲ့ခြင်းတို့ကြောင့် လေလွင့်ဆုံးရှုံးမှုများ များစွာဖြစ်ပေါ်စေပြီး နိုင်ငံတော်နှင့် ပြည်သူအတွက် နစ်နာဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေခဲ့သည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ ယင်းသို့ ပြည်သူလူထု၏ ရေနံနှင့်သဘာဝဓာတ်ငွေ့သယံဇာတများသည် အထိန်းအကွပ်မဲ့စွာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရေနံလက်ယက်တွင်းများ တူးဖော်ချက်လုပ်ခွင့်၊ သယ်ဆောင်ဖြန့်ဖြူးခွင့်များနှင့် ပတ်သက်ပြီး ထိန်းချုပ်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သဖြင့် စွမ်းအင်ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီးများသို့ ရေနံလက်ယက်တွင်းမှ ရေနံတူးဖော်ခြင်း၊ ရေနံထုတ်လုပ်ခြင်းနှင့် ရေနံချက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်များအား ဆိုင်းငံ့ထားရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါသည်။

ယနေ့အချိန်တွင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုလက်ဝယ်သို့ ရောက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရေနံလက်ယက်တွင်းများ တူးဖော်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ဆွေးနွေးလျက်ရှိပြီး စွမ်းအင်ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီနည်းပညာများ၊ ခေတ်မီစက်ကိရိယာများ ပေါင်းစပ်အသုံးပြုပြီး Standard Well (နည်းစနစ်ကျတွင်း) များ တူးဖော်ခြင်းကို လုပ်ငန်းရှင်များအား ဆောင်ရွက်စေရန် အစီအမံများ ပြုလုပ်လျက်ရှိပါသည်။ ရရှိလာသည့် ရေနံစိမ်းများကိုလည်း လျော်ကန်သင့်မြတ်သည့် ဈေးနှုန်းသတ်မှတ်၍ ဝယ်ယူပြီး နိုင်ငံပိုင်ရေနံချက်စက်ရုံကြီးများတွင် ချက်လုပ်ကာ သုံးစွဲသူပြည်သူလူထုထံသို့ တိုက်ရိုက်ရောင်းချပေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စနစ်မကျသည့် ရေနံလက်ယက်တွင်းများတူးဖော်ခြင်းကြောင့် မြေအောက်ရေနံသဲကြော (Reservoir)များနှင့် သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးခြင်း၊ ရေနံတွင်းများ ပေါက်ကွဲမီးလောင်မှုကြောင့် ရေနံလုပ်သားများ အန္တရာယ်ဖြစ်ပေါ်ခြင်း၊ ရေနံသိုက်များ အချိန်မတိုင်မီ ပျက်စီးခြင်းနှင့် တွင်းသက်တမ်းတိုခြင်း၊ ရေနံခိုအောင်းလွှာများ ပျက်စီးယိုစိမ့်မှု (သို့မဟုတ်) ဟိုက်ဒရိုကာဗွန်များကို အချိန်မတန်မီရွှေ့ပြောင်းမှုများဖြစ်ပေါ်စေခြင်း၊ ဂေဟစနစ်ဆိုင်ရာ ဟန်ချက်ညီမှုကိုထိခိုက်စေခြင်း၊ မြေအောက်ရေအရည်အသွေးကို ဆိုးဆိုးရွားရွား ထိခိုက်စေခြင်း၊ လူမှုအသိုက်အဝန်းများအတွက် ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်စေခြင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့သယံဇာတများ လေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခြင်း စသည့် မလိုလားအပ်သော ဆုံးရှုံးနစ်နာမှုများ ပပျောက်စေပြီး အကန့်အသတ်နှင့်သာ ထုတ်ယူနိုင်သော တန်ဖိုးရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ပြည်သူလူထုအနေဖြင့် ထိုက်တန်စွာအသုံးပြုခွင့်ရရှိနိုင်ရေး စွမ်းအင်ဝန်ကြီးဌာန၏ ကြိုးကြပ်မှုဖြင့် ပြည်တွင်းလုပ်ငန်းရှင်များအား ယခင် လက်ယက်တွင်းများ တူးဖော်ခဲ့သည့် ရေနံမြေများတွင် Standard Well (နည်းစနစ်ကျတွင်း) များ တူးဖော်နိုင်သည့်အခွင့်အလမ်းများ ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်များကို သယံဇာတပိုင်ရှင် ပြည်သူအများ သိရှိနိုင်စေရန် တင်ပြလိုက်ရပါသည်။



ရေနံလက်ယက်တွင်းများမီးလောင်နေမှုမှတ်တမ်းဓာတ်ပုံ။

**ကျမ်းကိုးစာရင်း**

၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၁၀)၊ ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၆၆။
၂။ မြန်မာမင်းများလက်ထက် စက်မှုလက်မှုလုပ်ငန်းသမိုင်း၊ ရန်ကုန်မြို့၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ ၁၉၈၉။
၃။ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ၊ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ၁၇-၇-၂၀၁၇။
၄။ ရေနံလက်ယက်တွင်းဆိုင်ရာ နည်းဥပဒေ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၂၂၇/၂၀၂၀ ၊ ၄-၆-၂၀၂၀။

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကို ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူများအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောနယ်စပ်ဒေသများ၌ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများအပေါ် အခွင့်ကောင်းယူ၍ ပြည်ပနိုင်ငံသား အချို့အနေဖြင့် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကို ကျယ်ပြန့်စွာ လုပ်ဆောင်လျက်ရှိသဖြင့် စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

**ပြန်လည်လွှဲပြောင်းပေးလျက်ရှိ**

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အများစုသည် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင် ဝင်ရောက်လာကြသူများဖြစ်ကြောင်း တွေ့ရှိရပြီး နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့သည် တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်စေရန် ငွေကြေးမက်လုံးပေးစည်းရုံးမှုများဖြင့် အဓမ္မလူကုန်ကူးခြင်းခံထားရသည့် တရုတ်နိုင်ငံသား ၃၉ ဦး၊ ကာဇက်စတန်နိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ငါးဦး၊ အီသီယိုးပီးယားနိုင်ငံသား တစ်ဦး၊ ပါကစ္စတန်နိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား ၁၃ ဦး စုစုပေါင်း ၆၁ ဦးတို့အား ဖော်ထုတ်ရရှိသဖြင့် လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားနေရာ၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိုင်းနိုင်ငံမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

**အွန်လိုင်းမှတစ်ဆင့် သွေးဆောင်စည်းရုံးခံရ**

၎င်းတို့အား စစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့သည် ကွန်ပျူတာနှင့်ပတ်သက်သည့် လုပ်ငန်းများ၊ ဘာသာပြန်လုပ်ငန်းများအား လစာငွေအများအပြားဖြင့် လုပ်ကိုင်ရမည်ဟု အွန်လိုင်းမှတစ်ဆင့် သွေးဆောင်စည်းရုံးခံရပြီး မက်လုံးပေးလိမ်လည်ခြင်းခံခဲ့ရကြောင်း၊ ထို့နောက် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့လည်းကောင်း၊ ၎င်းမှ တစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် မဲဆောက်မြို့သို့ ကနဦးရောက်ရှိကြပြီး တရားမဝင်ကျားဖြန့်လုပ်ငန်းမှ ကိုယ်စားလှယ်များက ထိုင်း-မြန်မာနယ်စပ်ရှိ သောင်ရင်းမြစ်အား တရားမဝင်ဖြတ်ကျော်ခေါ်ဆောင်ကာ မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတွင် ပါဝင်လုပ်ဆောင်ရန် အတင်းအဓမ္မစေခိုင်းခြင်း ခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ လုပ်ဆောင်နေသူများနှင့် ပါဝင်ပတ်သက်နေသူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ပြတ်ပြတ်သားသားအရေးယူခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်ပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိပြီး ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံအစိုးရများအပါအဝင် နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း ၎င်းကိစ္စရပ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့ခြင်းဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းတိုက်ဖျက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**










မြန်မာနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်လျက်ရှိမှု မှတ်တမ်းဓာတ်ပုံများ။

# လှိုင်သာယာမြို့နယ်၌ ဆိုလာစွမ်းအင်သုံး ရေသန့်စင်စနစ် အသုံးပြု၍ သောက်သုံးရေ စတင်ပေးဝေခြင်း အခမ်းအနားကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၆**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မှ ဆောင်ရွက်ခဲ့သော လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ် (၁)ရပ်ကွက်ရှိ စိမ်းလဲ့ကန်သာမင်္ဂလာကန်တော်မှရေကို ဆိုလာစွမ်းအင်သုံး ရေသန့်စင်စနစ် အသုံးပြု၍ သောက်သုံးရေ စတင်ပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါမင်္ဂလာကန်တော်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးများနှင့် အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကန်အတွင်းမှရေများအား အနည်ချစနစ် ပြုလုပ်သည့် PE ရေတိုင်ကီကြီး နှစ်လုံးနှင့် ပိုးသတ်စနစ်ပြုလုပ်သည့် PE ရေတိုင်ကီကြီး နှစ်လုံးတို့ဖြင့် အဆင့်ဆင့် သန့်စင်၍ ပြည်သူများအား သောက်သုံးရေ စတင်ပေးဝေနေမှုကို ကြည့်ရှုပြီး မင်္ဂလာကန်တော်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ စိမ်းလဲ့ကန်သာမင်္ဂလာကန်တော်မှ အမှတ်(၁) ရပ်ကွက်ရှိ အိမ်ခြေ ၇၅ လုံး၊ အိမ်ထောင်စု ၁၄၄ စု၊ လူဦးရေ ၉၃၅ ဦးအား ရေပေးဝေလျက်ရှိကြောင်းနှင့် တစ်နေ့လျှင် ရေဂါလန် ၂၀၀၀၀ ခန့်စတင် ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

■

# မွန်ပြည်နယ်ဝန်ကြီးချုပ် အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုအား ကြည့်ရှုအားပေး

**မော်လမြိုင် ဖေဖော်ဝါရီ ၆**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး အများပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ရောင်းချနေမှုကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)တွင် ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ၊ ထုတ်လုပ်၊ ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များက ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီး



ဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ် (မော်လမြိုင်)၌ အခြေခံစားသောက်ကုန်ပစ္စည်းများအား ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက ဆန်၊ ဆီ၊ သား၊ ငါး၊ ဟင်းသီးဟင်းရွက်များနှင့် အခြားစားသောက်ကုန်များအား ဝယ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အခြေခံစားသောက်ကုန်ဈေးနှုန်းတည်ငြိမ်အောင်ဆောင်ရွက်ကြရန်နှင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားပြီး အခြေခံစားသောက်ကုန်များနှင့် အခြားစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်နိုင်(မော်လမြိုင်)**



# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်မြို့ အောင်ဇေယျလမ်းကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

**ကျုံပျော် ဖေဖော်ဝါရီ ၆**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျုံပျော်မြို့ တေဇရပ်ကွက်ရှိ အောင်ဇေယျလမ်း ကွန်ကရစ်လမ်းသစ်အား ယနေ့မွန်းလွဲပိုင်းက တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ ကွန်ကရစ်လမ်းသစ်အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ သယံဇာတရေးရာဝန်ကြီးဦးအုန်းမြင့် နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များအား ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့က ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ၈၀၅ ပေ၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မ ရှိပြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် Delta Gold Star Co., Ltd မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ထားဝယ်မြို့နှင့်ကော့သောင်းမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုလည်း တာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ထိုင်းဝန်ကြီးချုပ် ပေတုံတန်တို့ မြို့တော်ပေကျင်း၌ ယနေ့တွေ့ဆုံ

**ပေကျင်း ဖေဖော်ဝါရီ ၆**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ထိုင်းဝန်ကြီးချုပ် ပေတုံတန် အား မြို့တော် ပေကျင်း၌ ယနေ့ တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ရွှေရတုနှစ်ပတ်လည်**

ယခုနှစ်သည် တရုတ်-ထိုင်း သံတမန်ဆက်ဆံရေး နှစ် ၅၀ ပြည့် ရွှေရတုနှစ်ပတ်လည်ကျရောက်သည့်နှစ်ဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

နှစ်နိုင်ငံပြည်သူများ၊ ဒေသတွင်းနှင့် ကမ္ဘာ့ပြည်သူများကို ပိုမိုအကျိုးကျေးဇူးများ ဖော်ဆောင်ပေးရန် နှစ်နိုင်ငံအနေဖြင့် အတိတ်က အောင်မြင်မှုများကို ထိန်းသိမ်းပြီး အနာဂတ် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သင့်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

တရုတ်-ထိုင်း မီးရထားလမ်းကဲ့သို့သော ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများ ချမှတ်ရန်၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်ရန်၊ တရုတ်-ထိုင်းရထားလမ်းကဲ့သို့ ကောင်းမွန်သော စီမံကိန်းများကို အကောင်အထည်ဖော်ရန်နှင့် ပိုမိုအကျိုးရှိသော ရလဒ်များ အမြန်ဆုံးရရှိရန် ဆောင်ရွက်သင့်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

ထို့ပြင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လျှပ်စစ်ကားများကဲ့သို့သော ထွန်းသစ်စစက်မှုလုပ်ငန်းများတွင် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်လည်း သမ္မတရှီက တိုက်တွန်းပြောကြားသည်။

အွန်လိုင်းလောင်းကစားနှင့် တယ်လီကွန်းလိမ်လည်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံ၏ထိထိရောက်ရောက်အရေးယူဆောင်ရွက်မှုများကို တရုတ်နိုင်ငံက ကျေးဇူးတင်ရှိပါကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် ၅၀ ပြည့် အထိမ်းအမှတ်ဆိုင်ရာ လှုပ်ရှားမှုများကို နှစ်နိုင်ငံအနေဖြင့် ကျင်းပပြုလုပ်ရန် နှင့် နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ရန် သမ္မတရှီကျင့်ဖျင်က တိုက်တွန်းပြောကြားသည်။

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ရွှေရတုနှစ်ပတ်လည်ကျရောက်ချိန်တွင် တရုတ်နိုင်ငံသို့ အလည်အပတ်လာရောက်ရခြင်းအတွက် ဝမ်းမြောက်မိကြောင်း ထိုင်းဝန်ကြီးချုပ် ပေတုံတန်က ပြောကြားသည်။ ထိုင်းနှင့် တရုတ်နိုင်ငံတို့သည် လွန်ခဲ့သည့် ဆယ်စုနှစ်ငါးစုအတွင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေးကိုဖော်ဆောင်ခဲ့ကြောင်း ၎င်းက ဆိုသည်။

တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထိုင်းနိုင်ငံက လိုက်နာကြောင်း ထပ်လောင်းအတည်ပြုပြီး နှစ်နိုင်ငံအကြား ချိတ်ဆက်ဆောင်ရွက်မှု၊ စီးပွားရေး၊ ကုန်သွယ်မှုနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် လာမည့်ဆယ်စုနှစ်ငါးစုအတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် တရုတ်နိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ဝန်ကြီးချုပ် ပေတုံတန်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**



တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ထိုင်းဝန်ကြီးချုပ် ပေတုံတန်တို့ တရုတ်နိုင်ငံမြို့တော်ပေကျင်း၌ တွေ့ဆုံစဉ်။

# အီရန်နှင့် နျူကလီးယားအရေးဆွေးနွေးရန် ဆန္ဒရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်နှင့် နျူကလီးယားငြိမ်းချမ်းရေးသဘောတူညီချက် ညှိနှိုင်းမှုတွင် ပါဝင်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် လက်ရှိတွင် အီရန်နိုင်ငံအပေါ် ဖိအားများ ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

အီရန်နိုင်ငံကို နျူကလီးယားလက်နက်ကင်းစင်ပြီး ကြီးကျယ်အောင်မြင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်စေချင်ကြောင်း ဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

ထို့ပြင် ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးမည့် နျူကလီးယားငြိမ်းချမ်းရေး သဘောတူညီချက်တွင် အီရန်နိုင်ငံကို ပါဝင်စေရန် ဆန္ဒရှိပါကြောင်း ဒေါ်နယ်ထရမ့်က ရေးသားခဲ့သည်။

သို့သော် အဆိုပါနျူကလီးယားငြိမ်းချမ်းရေးသဘောတူညီချက်နှင့်ပတ်သက်ပြီး ဆွေးနွေးသွားမည့် အသေးစိတ်အချက်အလက်များကို ပြောကြားခဲ့ခြင်း မရှိပေ။

၂၀၁၅ ခုနှစ်တွင် ချုပ်ဆိုခဲ့သော နိုင်ငံတကာ နျူကလီးယားသဘောတူညီချက်အရ အီရန်နိုင်ငံသည် ၎င်း၏ နျူကလီးယားအစီအစဉ်ကို ကန့်သတ်မည်ဆိုပါက နိုင်ငံတကာက ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို ရုပ်သိမ်းပေးမည်ဖြစ်သည်။

သို့သော် ဒေါ်နယ်ထရမ့်၏ ပထမသမ္မတသက်တမ်းကာလအတွင်း အဆိုပါသဘောတူညီချက်တွင် ပါရှိသည့် အကြောင်းအရာများသည် လုံလောက်မှု မရှိဟုဆိုကာ အမေရိကန်နိုင်ငံ နုတ်ထွက်ခဲ့ပြီး အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုများ ချမှတ်ခြင်းဖြင့် ဖိအားများပေးခဲ့သည်။

လက်ရှိတွင် အီရန်နိုင်ငံနှင့် နျူကလီးယားအရေး စေ့စပ်ညှိနှိုင်းရန် ဆန္ဒရှိခြင်းသည် ထရမ့်၏ သဘောထားပြောင်းလဲမှုတစ်ရပ် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၅ ရက်တွင် ထုတ်ဝေသည့် သည်နယူးယောက်တိုင်းမ်သတင်းစာတွင် ဖော်ပြခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

■



# ဂျပန်ဝန်ကြီးချုပ် အီရှီဘာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံရန် အမေရိကန်နိုင်ငံသို့ ထွက်ခွာ

**တိုကျို ဖေဖော်ဝါရီ ၆**

ဂျပန်ဝန်ကြီးချုပ် အီရှီဘာသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံရန် အမေရိကန်နိုင်ငံသို့ ယနေ့ထွက်ခွာခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့် အပြန်အလှန်ယုံကြည်မှု ပိုမိုခိုင်မာစေရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံသို့ မထွက်ခွာမီ အီရှီဘာက သတင်းထောက်များကို ပြောကြားသည်။

ဂျပန်နှင့် အမေရိကန် နှစ်နိုင်ငံကြား စီးပွားရေးနှင့် လုံခြုံရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ရန် သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အီရှီဘာက ပြောသည်။

ထို့ပြင် အင်ဒို-ပစိဖိတ်ဒေသနှင့် အခြားသောဒေသများတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြောက်ကိုရီးယား၏ပဲ့ထိန်းဒုံးကျည်များ ဆက်လက်တီထွင် စမ်းသပ်ပစ်လွှတ်မှုများနှင့်ပတ်သက်ပြီးလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုသီတင်းပတ်အစောပိုင်းတွင် ဒေါ်နယ်ထရမ့်သည် တရုတ်သွင်းကုန်များအပေါ် ထပ်လောင်းအခွန်စည်းကြပ်မှုကို စတင်ဆောင်ရွက်လျက်ရှိပြီး ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့မှ ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံမှုကို ပြန်လည်သုံးသပ်သွားမည်ဆိုသည့် သတင်းများ ထွက်ပေါ်လာပြီးနောက် ဂျပန်ဝန်ကြီးချုပ် အီရှီဘာ၏ ယခုခရီးစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

အီရှီဘာသည် အမေရိကန်စီးပွားရေးတွင် ဂျပန်နိုင်ငံ၏ ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်မည့် ကိစ္စရပ်များကိုလည်း ဒေါ်နယ်ထရမ့်နှင့် ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုကြောင့် ဂါဇာဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ ထိခိုက်ပျက်စီး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၆**

ဂါဇာဒေသအား အစ္စရေး တပ်မတော်၏ တိုက်ခိုက်မှုများအတွင်း ဒေသအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ၂၂၆ ခု ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် ထိခိုက်ပျက်စီးမှုတန်ဖိုးမှာ ယူရို ၂၆၁ သန်းရှိကြောင်း ပါလက်စတိုင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

ဂါဇာဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ၁၃၈ ခုတွင် ကြီးမားသည့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး အတန်အသင့် ထိခိုက်ပျက်စီးမှု ၆၁ ခု၊ အနည်းငယ် ထိခိုက်ပျက်စီးမှု ၂၇ ခု စသည်ဖြင့် ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ မှတ်တမ်းအရ သိရသည်။ အစ္စရေးတပ်မတော်သည် ပါလက်စတိုင်းတို့၏ အမျိုးသားရေး အထိမ်းအမှတ်များဖြစ်သည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဟားမတ်စ်အဖွဲ့က အစ္စရေးနိုင်ငံတောင်ပိုင်းအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးတပ်မတော်ကလည်း ဂါဇာဒေသတွင် တိုက်ခိုက်မှုများဆောင်ရွက်ခဲ့ရာ ပါလက်စတိုင်း ဒေသခံ အများအပြား သေဆုံးခဲ့သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် စိုးသူရ**



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ အောင်သိဒ္ဓိ(၂)လမ်း၊ အမှတ်(၂၇၄/ခ)၊ အကျယ်အဝန်း(အလျား ၂၂' x အနံ ၆၀')ရှိ ဦးစန်းဦး (ISN-၄၁၈၅၁၆) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမွေဆိုင်များဖြစ်ကြသော ဒေါ်အုန်းသန်း [၁၂/တတန(နိုင်)၀၆၉၆၂၆]၊ ဒေါ်မာမာအေး[၉/မထလ(နိုင်)၁၃၀၇၂၇]၊ ဒေါ်ခင်မြသွေး[၉/တသန(နိုင်)၀၈၆၀၃၂] တို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်တင်[၁၂/ဥကမ(နိုင်)၁၂၆၄၅၄]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကေခိုင်မြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၇၄၀)**
**အမှတ်– ၁၇၃၇၊ မဏိစည်သူလမ်း၊ ၆၉–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။ ဖုန်း–၀၉–၂၅၀၄၉၉၇၅၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်အမှတ်–၃၊ အခန်းအမှတ်–၂၈ ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၃ ပေ x ၃၅ ပေ) ရှိ ဒေါ်သန္တာအုန်း အမည်ပေါက် တိုက်ခန်းအပါအဝင် ယင်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားအကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်အကျိုးခံစားမှု အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန္တာအုန်း[၁၂/မရက(နိုင်)၀၄၀၁၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည် နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထက်ဦးလွင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၂၆၆၆)**
**အမှတ်–၁၂၂၊ ပထမထပ်(ဝဲ)၊ ၃၉–လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၀၀၂၁၇၀၈**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၈)လမ်း၊ တိုက်အမှတ်(၈၀၆/၈၀၈)မှ (၅–လွှာ–ဒါဘာ(အပြည့်) ခြေရင်းခန်း) တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ မြေရှင် ဦးခင်မောင်ဦး [၁၂/လမန(နိုင်)၀၉၀၀၉၅]ထံမှ ဒေါ်အေးမြတ်မော် [၉/မသန(နိုင်)၁၂၇၉၉၉]က ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးမြတ်မော် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊**
**(၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၅၁၈၁၈၂၀**

## လုပ်ငန်းအမှတ်တံဆိပ်အား အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၂၉၁)၊ ပထမထပ်(အေ)ရှိ (Seoho Logistics Company Limited (Registration Number– 135801402)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အောက်တွင်ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်သည် Seoho Logistics Company Limited ၏ ကိုယ်ပိုင် အမှတ်တံဆိပ်ဖြစ်ပြီး မြန်မာနိုင်ငံ မူပိုင်ခွင့်ဦးစီးဌာနတွင်လည်း မှတ်ပုံတင်ထားရှိပြီး WIPO Filing Date ရရှိထားပြီး ဖြစ်ပါသည်–

C YA

အထက်ဖော်ပြပါ "C YA" ဟူသော အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ဈေးကွက်အတွင်း "အလှကုန်၊ စာရေးကိရိယာများနှင့် အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး"အား ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချခြင်း၊ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းများကို အသုံးပြုလျက်ရှိပါသည်။ ထို့အပြင် လုပ်ငန်းများနှင့် ဆက်နွှယ်သော စာရွက်စာတမ်းများ၊ Social Media ကြော်ငြာများ၊ ဆိုင်းဘုတ်များတွင်လည်းကောင်း၊ ထိုအမှတ်တံဆိပ် အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထည့်သွင်းအသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို Seoho Logistics Company Limited မှအပ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှသော်လည်းကောင်း၊ အများကသော်လည်းကောင်း တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ် သုံးစွဲခြင်း မပြုလုပ်ကြပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**Seoho Logistics Company Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးသီတာအောင် LL. B, DBL အထက်တန်းရှေ့နေ(စဉ်–၅၃၄၅၁)**
**တိုက် (၂)၊ အခန်း (၁၀၃)၊ ဝေဇယန္တာအိမ်ရာ၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၅၁၂၄၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ စံပယ်လမ်း၊ ယုဇနကုမ္ပဏီလီမိတက်ပိုင် တိုက်အမှတ် (၁၂)၊ အခန်းအမှတ် (၈)၊ 3 Story Shop House၊ အကျယ်အဝန်း (၁၅ပေ x ၅၀ပေ)ရှိ လူနေတိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်နန်းယုံး (ခ) ယုံချင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေအေး [၉/မဟမ (နိုင်) ၀၀၂၀၅၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲညွှန့် (အထက်တန်းရှေ့နေ)(စဉ်–၉၆၄၁/၁၀–၇–၁၉၈၄)**
**အမှတ်(၈၈)၊ မြေညီထပ်၊ (၃၈) လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉– ၅၁၁၄၅၇၅၊ ၀၉–၇၈၄၈၉၉၂၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၂၄၅)ဟု ခေါ်တွင်သောမြေပေါ်၌ ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်ခွဲတိုက်၏ အခန်းအမှတ်(2–B)၊ ပထမထပ် ခြေရင်းခန်း(၁)ခန်း၊ အကျယ်အဝန်း(၁၇x၅၄)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ရေ၊ မီး အပါအဝင်တိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြိုးစန္ဒာမြင့် [၁၂/မဂဒ(နိုင်)၁၁၄၁၃၆]က ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်လှဲ့ဖြိုးအောင် [၈/ပခက(နိုင်)၁၇၉၁၄၃]မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကေခိုင်စိုး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၅၁၈)**
**တိုက်(၁)၊ ဒုတိယအလွှာ၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊**
**တာမွေမြို့နယ်။ ဖုန်း–၀၉–၄၃၀၄၀၆၁၃၊ ၀၉–၇၄၀၀၁၆၂၅၂**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ ပဲခူးစုလမ်း၊ အမှတ်–၃၄ နေ **ဦးထွန်းထွန်းနိုင်** (၁၂/မဂတ (နိုင်) ၁၂ရ၉၅၁) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်သည်မှာ –

ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းထွန်းနိုင်နှင့် ၎င်း၏ မိသားစုဝင်များအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော အခြားမည်သည့်နည်းလမ်းများနှင့်ဖြစ်စေ ဂုဏ်သိက္ခာကျဆင်း၊ ညှိုးနွမ်းစေသော မည်သည့် အရေးအသား၊ အပြုအမူ၊ ဖော်ပြချက် တစ်စုံတစ်ရာကိုမဆို ၎င်းတို့နှင့် ပတ်သက်သော အသိုင်းအဝိုင်း ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ သတင်းမီဒီယာ၊ ဂျာနယ်၊ ဝက်ဘ်ဆိုဒ်နှင့် လူမှုကွန်ရက်များဖြစ်သော Facebook, Facebook Comment များ၊ Messenger, WhatsApp, Instragram, Telegram, Tik Tok, Viber, SMS, Phone အစရှိသော ဆက်သွယ်ရေးကွန်ရက်များနှင့်ဖြစ်စေ၊ မဟုတ်မမှန် လီဆယ်ပြောဆိုရေးသားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုင်းစိုင်းသော အပြုအမူ၊ အပြောအဆို၊ အရေးအသားများပြောဆို၊ ရေးသား၊ ဖြန့်ဝေခြင်း၊ ဓါတ်ပုံမှတ်တမ်းတင်ခြင်း၊ ယင်းဖြန့်ဝေခြင်းများကို တုန့်ပြန်မှုများ ပြုလုပ်ခြင်း၊ မှတ်ချက်ပေးခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုလုပ်ခြင်းများ လုံးဝ (လုံးဝ) မပြုလုပ်ပါရန် လေးလေးနက်နက် အသိပေးတားမြစ်ပါသည်။ အကယ်၍ ပြုလုပ်ထားမှုများရှိပါက ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်းပေးရန်နှင့် ထိုသို့ပြုလုပ်ဆောင်ရွက်သူမည်သူကိုမဆို ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းထွန်းနိုင်မှ တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးခိုင်လင်းထွန်း(LL.B) အထက်တန်းရှေ့နေ** (စဉ်–၄၃၁၄၇/၁၃)
အမှတ်–၁၂၂၊ ပ–ထပ်၊ အနော်ရထာလမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊
(၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၇၉၃၆၉၄၆၅၀

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၊ လူနေရပ်ကွက်အမှတ်–၉၊ ဓာမဏီပန်းခြံလမ်း၊ မြေကွက်အမှတ်–၅၆၀(ခ)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဦးထွန်းကြည်အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးစုံပါ လူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား မြေချပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဦးထွန်းအေး [၈/ပခက(နိုင်)၀၇၆၆၆၁] ကိုင်ဆောင်သူမှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသန်းလွင်[၁၂/ရပသ(နိုင်)၀၂၁၆၈၁]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်မာသည့် မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသန်းလွင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဖြူဖြူအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၇၇)**
**အမှတ်–၂၀၃(ခ)၊ ဥယျာဉ်ပန်းခြံ(၂)လမ်း၊ (၈)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၉၅၆၆၆၉၉၉၆**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း လက်အောက်ရှိ အထက်ပေါင်းလောင်းနှင့် နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့တွင် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်မည့် မြို့ပြလုပ်ငန်းများအတွက် တည်ဆောက်ရေးသုံးပစ္စည်းများဝယ်ယူခြင်း တင်ဒါ(၉)စောင်အား DDP (At Station) (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ဆိုဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | ပေးပို့ရမည့်စက်ရုံ |
|---|---|---|---|
| (က) | Tender No. 37/EPGE/ Civil/2024–2025 | မြို့ပြပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း(၆)ရပ် ဆောင်ရွက်ခြင်းအတွက် ဘိလပ်မြေဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| ( ခ ) | Tender No. 38/ EPGE/ Civil/2024–2025 | ကျောက်စီမြေကာနံရံ(၄၀၀)ပေ တည်ဆောက်ခြင်း အတွက် ၆"x ၉" ကျောက်ကြီး ဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| ( ဂ ) | Tender No. 39/ EPGE/ Civil/2024–2025 | ကျောက်စီမြေကာနံရံ(၆၅၀)ပေ တည်ဆောက်ခြင်း အတွက် ၆"x ၉" ကျောက်ကြီး ဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| (ဃ) | Tender No. 40/ EPGE/ Civil/2024–2025 | မြို့ပြပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း(၆)ရပ် ဆောင်ရွက်ခြင်းအတွက် ၆"x ၉" ကျောက်ကြီးနှင့် ခွဲကျောက် (Chipping) ဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| ( င ) | Tender No. 41/ EPGE/ Civil/2024–2025 | ကျောက်စီမြေကာနံရံ(၄၀၀)ပေ တည်ဆောက်ခြင်း အတွက် 12mmØ (HRB–500) သံချောင်းလုံးများဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| ( စ ) | Tender No. 42/ EPGE/ Civil/2024–2025 | ကျောက်စီမြေကာနံရံ(၆၅၀)ပေ တည်ဆောက်ခြင်း အတွက် 12mmØ (HRB–500) သံချောင်းလုံးများဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| (ဆ) | Tender No. 43/ EPGE/ Civil/2024–2025 | ကျောက်စီမြေကာနံရံ(၃၀၀)ပေ တည်ဆောက်ခြင်း အတွက် 12mmØ (HRB–500) သံချောင်းလုံးဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| ( ဇ ) | Tender No. 44/ EPGE/ Civil/2024–2025 | ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် G.I ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ ဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| ( ဈ) | Tender No. 45/ EPGE/ Civil/2024–2025 | ကျောက်စီမြေကာနံရံ(၄၀၀)ပေ တည်ဆောက်ခြင်း အတွက် ၆"x ၉" ကျောက်ကြီးနှင့် သံချောင်းလုံး ဆိုဒ်စုံ ဝယ်ယူခြင်း။ | နန်ချို |

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာဆိုင်ရာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်း အဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ တင်ဒါပိတ်ရက်နှင့် အချိန် – (၂၁–၂–၂၀၂၅) ရက်နေ့၊ (၁၄:၀၀) နာရီ

၄။ တင်ဒါရောင်းချ/ လက်ခံမည့်နေရာ – လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်

၅။ တင်ဒါပုံစံများအား (၇–၂–၂၀၂၅) ရက်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း၊ ၀၆၇–၈၁၀၄၂၇၉)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဖြိုးကြွယ်ထွန်း [၁၄/ကလန (နိုင်) ၁၄၂၁၀၇]၏ CDC စာအုပ်အမှတ် (116966)၏ CDC စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–699302602**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–FMI–7၊ မြေကွက်အမှတ်–၃၁၊ ဧရိယာ(၀.၁၄၉)ဧက၊ မြေကွက်တည်နေရာအမှတ်–၃၁၊ (၇)ရပ်ကွက်၊ FMI အိမ်ရာ စီမံကိန်း၊ လှိုင်သာယာမြို့နယ် ဦးကျင်စိန် [၁၂/လသန(နိုင်)၀၀၃၆၈၃]၊ ဒေါ်နုနုခိုင် (ခ)အာဝီ [၁၂/လသန(နိုင်)၀၁၅၉၈၃] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်(၂)ဦးအနက် တစ်ဦးဖြစ်သူ ဦးကျင်စိန် [၁၂/လသန(နိုင်)၀၀၃၆၈၃] (ခင်ပွန်း)သည် (၂၄–၁၀–၂၀၁၉)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်နုနုခိုင်(ခ)အာဝီ [၁၂/လသန(နိုင်)၀၁၅၉၈၃](ဇနီး)မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ အခြားသော ဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိကြောင်း ၎င်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ၎င်းမှလွှဲ၍ အခြားသောဇနီးမယား တစ်ဦးတစ်ယောက်မှမရှိကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊မြေကွက်အမှတ်(၆၅၀/က)၊မြေကွက်တည်နေရာအမှတ်(၆၅၀/က)၊၂၂–လမ်း၊(၁၀)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ဦးကြည်ဝင်း(KTN-017786)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးကြည်ဝင်းမြေကွက်အားဦးကြည်ဝင်း(ခင်ပွန်း)ကွယ်လွန်သဖြင့်ပိုင်ဆိုင်စာချုပ်အမှတ်–၂၂၇၁/၂၀၁၄(၁၆–၅–၂၀၁၄) ဖြင့်ဇနီးဒေါ်အေးအေးမြင့်မှရရှိခဲ့ပါသည်။ဒေါ်အေးအေးမြင့်(မိခင်)ထပ်မံကွယ်လွန်သဖြင့်ဦးသန်းနိုင်ဝင်း(၁၂/ဥကတ(နိုင်)၁၄၃၀၃၇)၊ဒေါ်ကေသီဝင်း(၁၂/ဥကတ(နိုင်)၁၄၂၄၄၈)၊ဦးအာကာဝင်း(၁၂/ဥကတ(နိုင်)၁၇၈၀၆၈)တို့မှ သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာအမှတ်–၁၂/၁၇၂၁/၂၀၂၄ (၂၃–၁၂–၂၀၂၄)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်၊နိုင်/ကတ်များ၊သေစာရင်းများ၊ဝန်ဆောင်ခတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်–၄၃ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်– ၂၂–Y၂၊ မြေကွက်အမှတ်–ပဋ္ဌမတန်းစား–၂၉၆၊ အတိုင်းအတာ– ၀.၀၂၈ ဧက၊ မြေအမျိုးအစား–နှစ်(၉၀)ဂရန် (သက်ကုန်)၊ အမည်ပေါက်–ဒေါ်ခင်ထွေး (စီအေ–၀၃၄၀၈၅)ဖြစ်ပါသည်။ အမည်ပေါက်ဖြစ်သူ (မိခင်) ဒေါ်ခင်ထွေးသည် (၆–၁၁–၂၀၁၃) ရက်နေ့တွင်လည်းကောင်း၊ (ဖခင်) ဦးတင်အောင်သည် (၁၀–၉–၂၀၁၂) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်မြင့်မြင့်သိန်း [၁၄/ဘကလ(နိုင်)၁၀၂၄၀၆]၊ ဦးစံရွှေ[၁၂/လမတ(နိုင်)၀၁၉၈၃၄]၊ ဒေါ်သဥ္ဇာမော် [၁၂/လမတ(နိုင်)၀၀၁၃၉၇] တို့မှ ပိုင်ဆိုင်စာချုပ်– ၅၁၀၀/၂၀၁၃ (၃–၁–၂၀၁၄)ဖြင့် ပိုင်ဆိုင်လာပါသည်။ သားတစ်ဦးဖြစ်သူ ဦးစံရွှေသည် (၇–၄–၂၀၁၉) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းဦး [၁၂/လမတ(နိုင်)၀၁၉၈၃၁]မှ လသာမြို့နယ် တရားရုံးတွင် ဇနီးဖြစ်ကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း(၆–၁–၂၀၂၅)ရက်နေ့တွင် ကျိန်ဆိုထားသော ကျမ်းကျိန်လွှာနှင့် ကျန်ညီမ(၂)ဦးဖြစ်သူ ဒေါ်မြင့်မြင့်သိန်းနှင့် ဒေါ်သဥ္ဇာမော်တို့ ပူးတွဲ၍ ၁၉၄၉ ခုနှစ် တရားမကြီးနံပါတ်–၇၅၃၊ မလှတင့်နှင့် ကိုမြဟန် သက်သေခံအရာ(ခ)၊ တင်ပြသည့် နေ့စွဲ ၃၀–၅–၅၀ တံဆိပ်တုံးပါရှိသည့် နှစ်(၉၀)ဂရန် (သက်ကုန်)၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြေညီတိုက်ခန်းကျယ် အမြန်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်းကျယ် ပေါ်ရှိ Mini Condo မြေညီထပ်၊ ထပ်ခိုးပါ (ပေ ၂၈ x ပေ ၇၀) အမြင့် (၁၉ ပေ) အမြန်ရောင်းမည်။

သိန်း(၉၅၀၀) ညှိနှိုင်း

**စုံစမ်းရန်-09-786499745,09-971916764**


## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်းကြီး၊ Golden City၊ တိုက်အမှတ်(၅)၊ အခန်း(၂၂၀၃)နေ ဦးနေဝင်း[၁၂/ရပသ(နိုင်)၀၄၅၇၁၂] သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၁၀၂၀၆/၂၀၂၄ ဖြင့် မှတ်ပုံတင်သွင်း မြွက်ဟကြေညာထားသော ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား မူပိုင်ရှင်ဖြစ်ပါသည်-




ဦးနေဝင်းသည် အထက်ပါ **"ရွှေလာဘ်မင်း"** ဆီးချိုရောဂါသောက်ဆေး ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗီနိုင်း အစရှိသည်တို့တွင် အသုံးပြုလျက် ဆီးချိုရောဂါသောက်ဆေး အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **"ရွှေလာဘ်မင်း"**ဆီးချိုရောဂါသောက်ဆေးကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အမည်တူ/အမှတ်အသားတူ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား တုပပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားအား ပြုပြင်ပုံစံပြောင်းလျက် အခြားအမည်များတပ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းတို့ကို မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ **"ရွှေလာဘ်မင်း"** ဆီးချိုရောဂါသောက်ဆေး ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသ(သို့မဟုတ်)တစ်ခုလုံးကို တိုက်ရိုက် (သို့မဟုတ်)သွယ်ဝိုက်၍ ပုံတူပုံမှား၊ ဆင်တူယိုးမှားဖြင့် မည်သူမဆို ပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်နိုင်ဝင်း LL.B, D.I.L ဒေါ်တင်တင်ခိုင် LL.B, D.B.L, D.M.L, D.I.L**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၁၉) တရားလွှတ်တော်ရှေ့နေ(စဉ် - ၈၀၀၈)**

**အမှတ် (၁၃/ခ)၊ ၈-လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**

**ဖုန်း- ၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဒေါနလမ်း၊ အိမ်အမှတ်(၂၁၉)နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမျိုးမြင့် [၁၂/ဥကမ(နိုင်)၀၈၃၁၂၃]နှင့် ဒေါ်မြင့်မြင့်ကြည်[၁၂/ဥကမ(နိုင်)၀၈၃၁၂၂]တို့၏ သားဖြစ်သူ မောင်ထက်ဝေဖြိုး[၁၂/ဥကမ(နိုင်)၂၅၀၄၉၂]သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများ ကိုယ်စိတ်နှလုံးဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်သည့်အပြင် ၎င်းစိတ်တိုင်းကျပြုမူနေထိုင်နေသည့်အတွက်ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှတို့ကိုလည်း တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝါဝါမွန် (LL.B)**

**အထက်တန်းရှေ့နေ (စဉ်-၄၈၉၂၂)**

**အမှတ်(၁၂၄)၊ သုဇာတာ(၁၄)လမ်း၊ (၂)ရပ်ကွက်၊**

**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**Ph:09-263630989,09-785474591**

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ချမ်းသာရပ်ကွက်၊ အကွက်အမှတ်/အမည် - (၄၆/ကူညီကန်းရပ်)၊ ဦးပိုင်အမှတ် (၆၅-က)၊ မြေကွက်အမှတ် (85)၊ ဧရိယာ (၀. ၄၂၆)ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ် (၈၈/၂၀၁၆)အရ ဒေါ်ညွန့်ရီအမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်ကြီးအနက်မှ ဒေါ်ပြုံးပြုံးမူရရှိသည့် မြေကွက်အမှတ် - ၆၅/ဈ (၁၂၄)၊ ဧရိယာ (၀. ၁၁၉)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၂၄)၊ မြို့ပတ်လမ်း၊ နယ်မြေ (၄)၊ ချမ်းသာရပ်ကွက်၊ တောင်ကြီးမြို့ဟုခေါ်တွင်သော (၃)ထပ်တိုက်တစ်လုံး၊ (၂)ထပ်တိုက်နံကပ်တစ်လုံး၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ပြုံးပြုံးမူ (၁၃/တကန (နိုင်) ၀၄၇၄၆၈) က တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုချက်အရ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက တန်ဖိုးငွေတစ်စိတ်တဒေသပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အဦးအရောင်းအဝယ်တို့နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မြေနှင့်အဆောက်အဦးအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ချိုချိုဝင်း LL.B, D.B.L

တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၉၁၂)

အမှတ်-၅၀၊ အခန်း (A-၂၀)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၄၅၁၃၂၊ ၀၉ ၇၆၂၄၇၄၁၅၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၁၄၆၀)၊ မြေကွက်တည်နေရာ-အမှတ်(၁၄၆၀)၊ စံရိပ်ငြိမ်လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးလှမြ(ISN-၁၄၉၇၉၀) အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးလှမြ မြေအားအရောင်းအဝယ် စာချုပ်အမှတ်(၂၈၅၄/၁၉၉၉)ဖြင့် (၂၀-၁၂-၁၉၉၉)ဖြင့် ဒေါ်အေးအေးခိုင်မှ ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၂၃၂/၂၀၀၁)၊ (၁၄-၈-၂၀၀၁)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစိုးနိုင်ထွန်းမှ ထပ်မံ၍ ဝယ်ယူပိုင်ဆိုင်ကာ ဦးစိုးနိုင်ထွန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၉၈၂/၂၀၀၄)၊ (၂၁-၉-၂၀၀၄)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဝင်းရီ၊ ဒေါ်ခင်သီတာအောင်တို့အား တရားပြိုင်ထားကာ ဦးအောင်ကျော်သက်၊ ဒေါ်သီရိဟန်တို့မှ တရားလိုပြုလုပ်၍ ဒဂုံမြောက်မြို့နယ်တရားရုံး၌ တရားမကြီးမှုအမှတ်(၁၄၄/ ၂၀၂၄)ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင် ဒီကရီချမှတ်သည့် (၁၄-၁၀-၂၀၂၄)ရက်စွဲပါစီရင်ချက်၊ ဒီကရီနှင့်တရားမဇာရီမှုအမှတ်(၁၀၈/ ၂၀၂၄)တို့အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်လဲ့လဲ့ခိုင်[၁၃/တကန(နိုင်) ၀၀၃၄၁၉]မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ အရောင်းအဝယ်စာချုပ်၊ နိုင်ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

## ( တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၈၆၉

ဦးမျိုးမင်းသူ ပါ ၇ နှင့် မချိုသဲခိုင် ပါ ၁၆

**လျှောက်ထားသူများ လျှောက်ထားခံရသူများ**

**မွန်ပြည်နယ်တရားလွှတ်တော်၊ တရားမပြင်ဆင်မှုအမှတ် ၇၇/၂၀၂၃**၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်စွဲပါအမိန့်အပေါ် ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ **ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၅ လမ်း၊ အမှတ် - (၁၇၂)** (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ) နေ အမှတ်(၅) လျှောက်ထားခံရသူ **ဒေါ်ချွန်းမီး** နှင့် အမှတ် (၇) လျှောက်ထားခံရသူ **ဦးကျော်လွင်၊ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ သုခိတာလမ်း၊ အမှတ်(၇၉၄)၊ ကျိုက္ကော်ရပ်ကွက်** (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ အမှတ် (၁၁) လျှောက်ထားခံရသူ **ဦးကြည်မင်းဦး**တို့ သိစေရမည်။

ဤအမှုတွင် မွန်ပြည်နယ်တရားလွှတ်တော်၏ အမိန့်အပေါ် ပြင်ဆင်မှုလျှောက်လွှာ တစ်စောင်ကို တရားလွှတ်တော်ရှေ့နေ **ဦးဝင်းဖေခိုင်**က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ နံနက် (၁၀) နာရီအချိန်**တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင်တို့အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်တို့မရှိသည့် အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့** ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးသက်မော်)**

**လက်ထောက်ညွှန်ကြားရေးမှူး**

**တရားမတရားစီရင်ရေးဌာန**

**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၆

ဦးသိန်းလွင် နှင့် ဦးတင်ဦး

**(တရားလို) (တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ သဒ္ဓါရုံလမ်း၊ အမှတ်(၇၈၆) နေ ဦးတင်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆို ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် ( ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၇ ရက် ) နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကြိုတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**

**မြို့နယ်တရားသူကြီး**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## "(၃၀-၁-၂၀၂၅)ရက်နေ့ထုတ်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၆)တွင် ပါရှိသော ဦးချာလီခင်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဝင်းဇော် (စဉ်-၈၆၄၉)၏ ဒေါ်ဝင်းနီခင်မောင်နှင့် အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြေနုလမ်း၊ အမှတ်(၃၁)၊ တတိယထပ်၊ (၄-လွှာ)ရှိ (ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း(၁၈'x၅၅')ပေရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဦးချာလီခင်မောင်က လက်ရှိထား တရားဝင်ပိုင်ဆိုင်သည်ဆိုသည်ကို ကန့်ကွက်ငြင်းဆိုပါသည်။

အဆိုပါ တိုက်ခန်းမှာ ဖခင်ဖြစ်သူ ဦးခင်မောင်(ကွယ်လွန်)၏ ပိုင်ဆိုင်ခဲ့သော တိုက်ခန်းဖြစ်ပြီး အဆိုပါ တိုက်ခန်းအား မောင်နှမ (၃)ဦးမှ အညီအမျှ ခွဲဝေရယူရန် ဖခင်ကြီးဖြစ်သူမှ (၆-၉-၂၀၂၂) ရက်စွဲပါ စာချုပ်ဖြင့် ခွဲဝေပေးကမ်းခဲ့သော တိုက်ခန်းဖြစ်ကြောင်း ဦးချာလီခင်မောင် အသိပင်ဖြစ်ပါသည်။

ထို့နောက်အဆိုပါ တိုက်ခန်း၏ (၃)ပုံ(၁)ပုံကို လွှဲအပ်ညွှန်ကြားသူ ဒေါ်ဝင်းနီခင်မောင်မှ ၎င်း၏ မောင်ဖြစ်သူ ဦးဝီလီခင်မောင်အား တိုက်ခန်းတန်ဖိုးငွေ ပြန်အမ်းပြီးဖြစ်သဖြင့် ဒေါ်ဝင်းနီခင်မောင်၏ လက်ဝယ်တွင်ရှိသော (၆-၉-၂၀၂၂) ရက်စွဲပါ ပေးကမ်းခြင်း ကတိစာချုပ်နှင့် (၄- ၁၂-၂၀၂၃)ရက်စွဲပါ အခွင့်အရေးစွန့်လွှတ်ခြင်း ကတိစာချုပ် မူရင်းများအရ မောင်နှမ(၃)ဦးပိုင် တိုက်ခန်းမှ တိုက်ခန်း၏ (၃)ပုံ(၂)ပုံကို ဒေါ်ဝင်းနီခင်မောင်မှ ပိုင်ဆိုင်ပြီး၊ အဆိုပါ တိုက်ခန်း၏ (၃)ပုံ(၁)ပုံကိုသာ ဦးချာလီခင်မောင် ပိုင်ဆိုင်သည်ကို ဦးချာလီခင်မောင် အသိပင်ဖြစ်ပါသည်။

မိဘနှစ်ပါးကွယ်လွန်ပြီးနောက် ကျန်ရစ်သောပစ္စည်း တိုက်ခန်းဖြစ်၍ မူလကတည်းက ဖခင် ဦးခင်မောင် မကွယ်လွန်မီက မောင်နှမ (၃)ဦး အညီအမျှ ခွဲဝေရယူရန် ပေးကမ်းခဲ့ပြီးဖြစ်၍ (၃၀-၁-၂၀၂၅)ရက်နေ့ထုတ် သတင်းစာကြေညာပါ ဦးချာလီခင်မောင် တစ်ဦးတည်းက လက်ရှိထား တရားဝင်ပိုင်ဆိုင်သည်မှာ မှန်ကန်မှုမရှိပါကြောင်းနှင့်၊ ဒေါ်ဝင်းနီခင်မောင်နှင့် ဦးချာလီခင်မောင်တို့မှာ မောင်နှမအရင်းအချာများ ဖြစ်ကြပြီး ဒေါ်ဝင်းနီခင်မောင်အနေဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ မနစ်နာစေလိုသောစိတ်နှင့် မိမိ၏ ပိုင်ဆိုင် အကျိုးခံစား ရရှိထားသော (၃)ပုံ(၂)ပုံအခွင့်အရေးအရ ကြေညာခြင်းဖြစ်၍ ဦးချာလီခင်မောင်၏ အကျိုးကို ထိခိုက်နစ်နာမှု မရှိပါသဖြင့် ဤပြန်လည်ရှင်းလင်းချက်ဖြင့် အရောင်းအဝယ်ကိစ္စအား ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းနီခင်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးလှချို ဒေါ်မာမာသိန်း**

**(B.Sc,H.G.P, R.L,D.B.L, D.M.L) (LL.B)**

**(စဉ်-၅၅၅၄/၉၁) (စဉ်-၈၇၉၂)**

**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်နီနီဝင်း (LL.B) (စဉ်-၅၁၇၁၈)**

**အထက်တန်းရှေ့နေ**

**အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၅၀၆၄၉၅၉**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁-၂၀၂၅ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာဒဂုံမြောက်မြို့နယ်၊မြေတိုင်း-၄၆၊မြေကွက်အမှတ်၈၀၈၊ဦးနိုင်အောင်ဝင်း+၂၏ပါမစ်နှင့်ဂရန်လဲလှယ်ခွင့်ပြုပါရန်လျှောက်ထားမှုတွင် "မြန်မာစီးပွားရေးဘဏ်ဘဏ်ခွဲ(၃)၏ဘဏ်ကြေကြောင်းထောက်ခံစာတင်ပြထားသော်လည်းဘဏ်ငွေသွင်းချလံမူရင်းပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်းကျမ်းကျိန်လွှာ" ဟုဖြည့်စွက်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြယမုံစမ်းရိပ်မြိုင်အိမ်ရာစီမံကိန်းမှ မြေကွက်အမှတ်(၁၆၈)၊ ဧရိယာ(၀.၁၃၈)ဧကရှိ မြေကွက်အား အမည်ပေါက် ဒေါ်ဖြူဖြူဝင်း[၁၀/ကမရ(နိုင်)၀၁၅၀၀၈]၊ ဒေါ်ခင်သန္တာသန့် [၁၂/ဗဟန(နိုင်)၀၁၂၂၇၂] တို့မှ မြေငှားစာချုပ်(ဂရန်) ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ရုံးအမှတ်(၄၀)၊ ( နေပြည်တော် )**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)၊ မြေကွက်အမှတ်(S-၁၂၀)၊ ဧရိယာ(၀.၂၂၉)ဧကရှိ ဒေါ်ဝါဝါလှိုင် (ဘ) ဦးခင်မောင်သန်း [၇/ကပက(နိုင်)၀၇၄၃၇၄] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ရွှေဝတ်ရည် (ဘ) ဦးစိန်ဝင်းကြည် [၇/ပခန(နိုင်)၂၁၀၅၅၅]နှင့် မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**

**မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျသိဒ္ဓိလမ်း၊ အမှတ်(၂၈)၊ ဈ/၃၃ နေ ဦးမျိုးဝင်း[၁၂/မရက(နိုင်)၀၇၃၅၁၉]နှင့် ဒေါ်ရူပါ[၁၂/မဂဒ(နိုင်)၀၉၄၀၉၆]တို့၏သား မောင်ထက်အာကာမျိုး [၁၂/ရပသ(နိုင်)၀၉၁၅၀၈]သည် မိခင်၊ ဖခင်တို့၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ် နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ထက်အာကာမျိုး နှင့် ပတ်သက်ဆက်နွယ်သော ငွေရေး၊ ကြေးရေး အရှုပ်အရှင်း၊ လူမှုရေး အရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့် ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်ထက်အာကာမျိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးဝင်း[၁၂/မရက(နိုင်)၀၇၃၅၁၉] ဒေါ်မြတ်နိုးသူ(LL.B)**

**ဒေါ်ရူပါ[၁၂/မဂဒ(နိုင်)၀၉၄၀၉၆] အထက်တန်းရှေ့နေ(စဉ်-၅၆၀၈၁)**

**အမှတ်(၉၀၂/က)၊ မြကန်သာ(၂)လမ်း၊**

**(၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၇၂၆၁၇၅၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

